# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၁၁**

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သော ယနေ့တွင် ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်းက ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ *စာမျက်နှာ ၃ ကော်လံ ၁* ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။

**ယနေ့** *ဖတ် စ ရာ*

**ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် အထူးစည်ကားများပြား**

ပြည်တွင်းသတင်း စာ ၉

**တစ်စိတ်တည်း တစ်ဝမ်းတည်း တက်ညီလက်ညီ ပြန်လည်ထူထောင်ကြမည်**

ဆောင်းပါး စာ ၁၀





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။

❂ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဋ္ဌနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများသည် သတ်မှတ်ထားသည့် နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ဆက်လက်၍ မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်တော်မူကြပြီး မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

**ညောင်ရေသွန်းလောင်းပူဇော်**

ယင်းနောက် ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်းပူဇော်ကြပြီး အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းအား ဖတ်ကြား၍ ကုသိုလ်အမျှပေးဝေကြကာ “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

**“ဗုဒ္ဓနေ့”ဟု သတ်မှတ်**

အဆိုပါ ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော်သုမေဓာရှင်ရသေ့အား **“ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်”** ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင်ဖြစ်သဖြင့် **“ဗျာဒိတ်ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း”** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့်ဗုဒ္ဓနေ့**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထားကာ ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို **“ဗုဒ္ဓနေ့”**ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း စသည့်ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ အခမ်းအနားတက်ရောက်လာကြသည့် အကြီးအကဲများနှင့်အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညိုစဉ်။

*စာမျက်နှာ ၄ မှ*

တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**မြသပိတ်ဆွမ်းတော်ကပ်လှူပူဇော်**

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

**ပရိတ်တရားတော်နာယူကြည်ညို**

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဒေ့ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ



ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးအားလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးအား လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများနှင့် ဇနီးများက ဆရာတော်ကြီးများအားလည်းကောင်း လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်းအမျှပေးဝေ**

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှအနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

**နေ့ဆွမ်း ဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့အနှံ့ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းသူများ၊ စတုဒိသာကုသိုလ်ပြုသူများဖြင့် စည်ကားများပြား

**မန္တလေး မေ ၁၁**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် နေ့ထူးနေ့မြတ်ဖြစ်ပြီး မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီး ဘုရားစေတီ၊ ပုထိုးများတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်း၊ ဓမ္မစကြာဝတ်အသင်းများမှ ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာများဖြင့် ဒေ့ခံကုသိုလ်ပြုခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ဘဝမင်းရှင်မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်ခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား



တွင် ညောင်ရေသွန်းလောင်းပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အဖွဲ့တက်ရောက်ကြပြီး ကျောက်တော်ကြီးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲလာ ကျောင်းသား ကျောင်းသူများ၊ ဘုရားဖူးလာ ဒေ့ပရိသတ်တို့ကို နှုတ်ဆက်ကာ ဘုရားပရိဝုဏ်ရှိ ဗောဓိညောင်ပင်များတွင် ဘုရားဖူးပြည်သူများနှင့်အတူ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြကြောင်းနှင့် ညနေပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ သီပေါမင်းတရားကြီး တည်ထားကိုးကွယ်သည့် မဟာလောကရန်နိုမ်အောင်တော်မူမြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားပရိဝုဏ်ရှိ ဗောဓိညောင်ပင်တွင် ဘုရားဖူးများနှင့်အတူ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ဧည့်ပရိသတ်များက သီတဂူဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

# ၁၃၈၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပ

**နေပြည်တော် မေ ၁၁**

၁၃၈၇ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာ အခမ်းအနားကို ယနေ့ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဝိမာန်တော်၌ ဆင်ယင်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အတူ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များနှင့် တရားနာဧည့်ပရိသတ်များ နာယူကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက သီတဂူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာ ဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဓမ္မပူဇာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူပြီး သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သီတဂူဆရာတော်ကြီးအား မော်ကွန်းတင် ဂုဏ်ပြုပူဇော်လွှာ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် ယာယီအဆောက်အအုံများတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနပိုင် မြေနေရာ၌ ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် ယာယီအဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ယာယီအဆောက်အအုံတွင် အသုံးပြုရန် စက်ရေတွင်းတူးဖော်နေမှု နှင့် နှစ်ခန်းတွဲ လူနေအဆောက်အအုံ အလုံး ၃၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေး၊ လျှပ်စစ်မီး အသုံးပြုနိုင်ရေး၊ ဝန်ထမ်းများ စနစ်တကျနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် သက်ဆိုင်ရာက အပြာရောင်အဆင့် သတ်မှတ်ထားသော ဝန်ထမ်းအိမ်ရာများဖြစ်သည့် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၅၃၄၄၊ ၅၃၄၅၊ ၅၃၄၆၊ ၅၃၃၇၊ ၅၃၃၈ တိုက်များအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် လိုအပ်သည့် ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းနှီးစွာ တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ရန် မှာကြားသည်။

သတင်းစဉ်

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိ သာသနဒ္ဓဇမာန်တော်ကြီး၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိ ဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ စာတမ်းရှင်ဆရာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**အဖွင့်ဩဝါဒကထာမိန့်ကြား**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး သဘာပတိဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တကုမာရနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရတို့က အဖွင့်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ/ဌာနမှူးဆရာတော် ဒေါက်တာဘဒ္ဒန္တထေရိန္ဒာဘိဝံသက **"ဗျာဒိတ်ရကြောင်း ရှစ်ပါးနှင့် ဗျာဒိတ်ခံဘဝတို့ တိုက်ဆိုင်လေ့လာခြင်း"** စာတမ်းကို လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သုတ္တန္တ ပိဋကမဟာဌာန နည်းပြဆရာတော် ဘဒ္ဒန္တစန္ဒိမာက **"အနာဂတဝင်ကို ပိဋကတ်စာပေနှင့် နှိုင်းယှဉ်လေ့လာခြင်း"** စာတမ်းကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံခြားဘာသာများ သင်ကြားရေးနှင့် ဘာသာပြန်မဟာဌာန ဌာနကြီးမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တပါရမီက **"ဗုဒ္ဓ မြတ်စွာပွင့်တော်မူခြင်းနှင့် ကမ္ဘာ့ဝါဒကို လေ့လာခြင်း"** စာတမ်းကိုလည်းကောင်း၊ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်(စစ်ကိုင်း) မှ ပါမောက္ခ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုန္ဒက က " မဟာပရိနိဗ္ဗာနသုတ်ကို အခြေခံ၍ မြတ်ဗုဒ္ဓ၏ နောက်ဆုံး ဆယ်လအတွင်း ထူးခြားဖြစ်စဉ်များ လေ့လာသုံးသပ်ခြင်း" စာတမ်းတို့ကိုဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများအလိုက် သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင်ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဘာပတိအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက စာတမ်းများနှင့် စပ်လျဉ်း၍ နိဂုံးချုပ် ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၁**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဦးစောဂျက်ကော့ထူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အတူ ယမန်နေ့ ညနေပိုင်းတွင် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ရုံးအဆောက်အအုံနှင့် ရုံးမြေဧရိယာအတွင်း ကားပါကင်မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့်အတူ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်းရှိ တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်ခန်းများ၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြု ဘဏ္ဍာရန်ပုံငွေဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့သည့် သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဝန်ထမ်းအိမ်ရာများ၊ အမှိုက်များ စနစ်တကျစွန့်ပစ်မှုရှိစေရေး၊ ဝန်ထမ်းအိမ်ရာရှိ သန့်စင်ခန်းများ ပြုပြင်ပေးနိုင်ရေး လုပ်ငန်းများနှင့် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြုပြင်ဆောင်ရွက်မည့် အပျိုဆောင်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာအဖွဲ့ ဖွဲ့စည်း၍ အဆောက်အအုံ ကြံ့ခိုင်မှုရှိစေရေး အထူးကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နန်းမြင့်မျှော်စင်အား ကြည့်ရှုစစ်ဆေးကာ ပြုပြင်သင့်သည်များကို အင်ဂျင်နီယာ တွက်ချက်မှုဖြင့် ဆင့်ကဲတင်ပြခွင့်ပြုချက်ရယူပြီး ပြုပြင်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာသည် တိုင်းရင်းသားများ၏ အဓိက ပြယုဂ် တစ်ခုပင်ဖြစ်ပြီး အများပြည်သူများ စိတ်ချမ်းသာစွာ လာရောက် အပန်းဖြေနိုင်ရန်အတွက် အမြဲသန့်ရှင်း သာယာလှပပြီး စိမ်းလန်းစိုပြည်နေရန် လိုအပ်ပါကြောင်း၊ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်ပါ လုပ်ငန်းစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် တာဝန်ခံအရာရှိက လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# ၂၃၀ ကေဗွီ၊ ပျဉ်းမနားဓာတ်အားခွဲရုံရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် Switch Yard အတွင်းရှိ ဓာတ်အားလွှတ်ပစ္စည်းများ ပုံမှန်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ၂၃၀ ကေဗွီ၊ ပျဉ်းမနားဓာတ်အားခွဲရုံရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် Switch Yard အတွင်းရှိ ဓာတ်အားလွှတ်ပစ္စည်းများ ပုံမှန်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေမှု ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန တာဝန်ရှိသူများက ဓာတ်အားထိန်းချုပ်ခန်းအတွင်းနှင့် Switch Yard အတွင်းရှိ ဓာတ်အားလွှတ်ပစ္စည်းများ ပုံမှန်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေမှု၊ မန္တလေးလျှောက်ကြီးကြောင့် ဝန်ထမ်းအိမ်ရာများ၏ ထိခိုက်ပျက်စီးမှု၊ ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြင်ဆင်နေမှုနှင့် ယာယီဝန်ထမ်းအိမ်ရာ အဆောက်အအုံအသစ်များ တည်ဆောက်ပေးလျက်ရှိသည့် အခြေအနေများ၊ ထပ်မံ၍ ဓာတ်အားခွဲရုံဝင်းအတွင်း Container House များ ဆောက်လုပ်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဓာတ်အားစဉ်ဆက်မပြတ် ပို့လွှတ်နိုင်ရေးအတွက် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို အစီအမံများ အတိုင်းလုပ်ဆောင်သွားရေး၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား SOP လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားရေး၊ ထပ်မံနေရာချထားမည့် ဝန်ထမ်းအိမ်ထောင်စုများအတွက် အစီအစဉ်များအပေါ် အဓိကလိုအပ်ချက်ဖြစ်သည့် ရေ၊ မီး၊ မိလ္လာ စနစ်များကို ကြိုတင်ညှိနှိုင်းစီစဉ်သွားရန် မှာကြားကာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားသည်။



ထို့နောက် ၃၃/၁၁ ကေဗွီ ပေါင်းလောင်းတိုးချဲ့ ဓာတ်အားခွဲရုံသို့ရောက်ရှိရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Control Room နှင့် Switch Yard အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပြန်လည်ပြင်ဆင်၍ ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက မကြာမီကာလတွင် ပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကာလတွင် စခန်းသွင်းနေရာနှင့် စာစစ်ဌာနများ ဓာတ်အားစဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် မိုးမကျမီကာလတွင် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကဆုန်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြ၍ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ယနေ့ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုခြင်း၊ ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ စေတနာရှင်၊ ကုသိုလ်ရှင်များက သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းကြခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်သို့လည်း နံနက်ပိုင်းကစတင်၍ အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ၊ ပြည်သူများ လာရောက်၍ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြပြီး**(ယာပုံ)** ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်ကိုလည်း ညောင်ရေသွန်းလောင်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များကိုလည်း ရေသပ္ပာယ်ပူဇော်ကြသည်။**(အောက်ပုံ)**



ထို့နောက် ဘုရားဖူးလာပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဂန္ဓကုဋိတိုက်တော်များ၊ ကျောက်စာရုံစေတီတော် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားစသည့် ဘုရား၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အအုံများကို လှေ့လာဖူးမြော်ကြည်ညိုကြပြီး တရားဘာဝနာ ပွားများအားထုတ်ခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြကာ တရားဓမ္မသံတို့ဖြင့် ထုံမွမ်းလျက်ရှိသည်ကိုလည်း တွေ့မြင်ကြားသိရသည်။



ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲနှင့်အတူ ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပပြီး ညပိုင်းတွင်လည်း ဘုရားဖူးလာ ပြည်သူများက ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာ အခမ်းအနားတွင် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ဟောကြားချီးမြှင့်တော်မူသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြည်ညိုကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တန်ခိုးကြီးဘုရားစေတီတို့တွင်လည်း ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ဘုရားဖူးလာပြည်သူများက ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူ ပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းတို့ကို ကုသိုလ်စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ကြပြီး အလှူရှင်များက ရေ၊ အစားအစာနှင့် အချိုရည်များကို စတုဒိသာ အလှူအဖြစ် လှူဒါန်းကြသည်။

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် မဟာဗောဓိပင်တို့၌ ဆီမီး၊ ပန်းမန်၊ သောက်တော်ရေချမ်း ကပ်လှူပူဇော်ကြခြင်း၊ ဝတ်ရွတ်ပူဇော်ကြခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းတို့ကိုလည်း ကုသိုလ်သဒ္ဓါတရားထက်သန်စွာ ဆောင်ရွက်ကြသည်။

ကဆုန်လပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများအား ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီစောင့်ရှောက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးသည်။

**သတင်း-မျိုးဆက်သစ်၊ဓာတ်ပုံ-ဖိုးပြည့်စုံ**

## ပဲခူးမြို့နယ် အင်းတကော်မြို့၌ မဟာဗောဓိပရိဘောဂစေတီတော် နှစ်(၁၀၀)ပြည့် ပူဇော်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**ပဲခူး မေ ၁၁**

ပဲခူးမြို့နယ် အင်းတကော်မြို့ မဟာဓော်ဓိ စစ်ကိုင်းကျောင်းတိုက်အတွင်း စိုက်ပျိုးပူဇော်တည်ရှိတော်မူသော မဟာဗောဓိ ပရိဘောဂစေတီတော် နှစ်(၁၀၀) ပြည့် ပူဇော်ပွဲမင်္ဂလာ အခမ်းအနားအား ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ မဟာဗောဓိပင်တော် ပရိဘောဂစေတီတော်မြတ်ကြီးအား ဆရာတော် ၃၆ ပါးဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက “နမောတဿ” သုံးကြိမ်ရွတ်ဆိုခဲ့ကြပြီး အခမ်းအနားမှူးက ဥယျောဇနဂါထာတော်အား ဖတ်ကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူရှင်များက မဟာဗောဓိပင်တော် ပရိဘောဂစေတီတော်မြတ်ကြီးအား ညောင်ရေသွန်းလောင်းပူဇော်ရာ ဝတ်အသင်းများက ဆုတောင်းပတ္ထနာသံပေါက်ကဗျာဖြင့် ရွတ်ဆိုပူဇော်ကြသည်။ ယင်းနောက် ဇယမင်္ဂလာ အောင်ဂါထာတော်အား သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပထမပိုင်းကို အောင်မြင်စွာ ရုပ်သိမ်းသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအား “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးခဲ့ကြပြီး ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက်၊ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥေ ယျဓမ္မာဘိဝံသ ဆရာတော်အရှင်သူမြတ်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်တော်မူကြပြီး ကြွရောက်လာသည့် နာယကဆရာတော်ကြီးကိုးပါးအား အလှူရှင် မိသားစုက လှူဒါန်းသည့် လှူဖွယ်ဝတ္ထုပစ္စည်းများအား တာဝန်ရှိသူများက ဆက်ကပ် လှူဒါန်းကြကာ အင်းတကော်မြို့ မဟာဗောဓိ စစ်ကိုင်းကျောင်းတိုက် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏုတ္တရထံသို့ အလှူရှင်မိသားစုက သီးခြားလှူဒါန်းသည့် နဝကမ္မအလှူတော်ငွေများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးက ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယ ဆရာတော်အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။ ယင်းနောက် “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဒုတိယပိုင်းအား အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ကြွရောက်လာသည့် ဆရာတော် ၁၀၈ ပါးအား အလှူရှင်မိသားစုက လှူဒါန်းသည့် သင်္ကန်း အစရှိသော လှူဒါန်းဖွယ်ရာများ လှူဒါန်းပေးကြပြီး နေ့ဆွမ်း ဆက်ကပ်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပဲခူးမြို့နယ် အင်းတကော်မြို့ မဟာဓော်ဓိ စစ်ကိုင်းကျောင်းတိုက်အတွင်း စိုက်ပျိုးပူဇော်တည်ရှိတော်မူသော မဟာဗောဓိ ပရိဘောဂစေတီတော် နှစ်(၁၀၀) ပြည့် ပူဇော်ပွဲမင်္ဂလာအခမ်းအနား၌ ဒေသခံပြည်သူများအား စတုဒိသာ ထမင်း၊ ဟင်းနှင့် အအေးများ ကျွေးမွေးနေမှုတို့အား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် အထူးစည်ကားများပြား



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသူ ပြည်သူများအား စည်ကားများပြားစွာ တွေ့မြင်ရစဉ်။

**ရန်ကုန် မေ ၁၁**

ယနေ့သည် ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနကောင်းမှု ပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့ ကြီးမှူးကျင်းပသည့် (၄၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲမှ စတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ရင်ပြင်ရှိ ညွှန့်ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး စေတီတော်မြတ်ကြီးအား မြတ်ဘုရားရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ နဝင်္ဂသီလ ခံယူဆောက်တည်ခြင်း၊ ဘုရား၊ တရား၊ သံဃာဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည် (၄၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပရန် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး အခမ်းအနားကျင်းပမည့် မဟာဗောဓိညောင်ပင်နေရာ၌ နေရာယူကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ပရိဘောဂစေတီ (မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာ တင်လှူပူဇော်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရထံမှ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး ညွှန့်ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးအောင်ဇေယျလင်းက ဗောဓိရုက္ခဥဒကပူဇာမင်္ဂလာ စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ကုသိုလ်ပြုစဉ်။

ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ ဝဋ္ဋံသကာပါဠိ ပါရဂူစေတိယင်္ဂဏပဝရသိရီ မဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာ ဆရာတော်)ထံမှ အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများ၊ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများသည် ဆူးလေစေတီတော်နှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်း ပူဇော်ပွဲများသို့ တက်ရောက်ကြပြီး စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကြ၍ ဗောဓိညောင်ပင်များအား ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ဘုရားဖူးလာပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ (၄၇)ကြိမ်မြောက် ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်ပွဲနှင့် ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ဌာနခွဲဝန်ထမ်းမိသားစုများ၏ ၁၃၈၇ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဗုဒ္ဓပူဇနီယမင်္ဂလာနှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကမ္ဘာအေးကုန်းမြေ မဟာဝုန်တောရှိ မဟာဝုန်ဓမ္မသာလာ၌ လည်းကောင်း ကျင်းပကြသည်။

အလားတူ ရွှေဘုန်းပွင့်စေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၊ မဟာဝိဇယစေတီတော်၊ သမိုင်းဝင်မဟာဓမ္မရုံသိအိမ်တော်ရာစေတီတော်၊ ကျိုက္ကဆံစေတီတော်၊ ဆုတောင်းပြည့် မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီး ဘုရားတို့၌လည်း သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့ဝင်များကြီးမှူး၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပကြရာ ဆရာတော်ကြီးများထံမှ သီလခံယူခြင်း၊ ပရိတ်တရားတော်နှင့် ရေစက်ချတရားများ နာယူခြင်းများ ဆောင်ရွက်ကြကာ ဘုရားဖူးလာ ပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်းကြကြောင်း သိရသည်။

ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြရာ အထူးစည်ကား များပြားလျက်ရှိကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-ဇော်မင်းလတ်(mna)**



ရွှေတိဂုံစေတီတော်မြတ်ကြီး မဟာဗောဓိညောင်ပင်၌ (၄၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြစဉ်။

# တစ်စိတ်တည်း တစ်ဝမ်းတည်း တက်ညီလက်ညီ ပြန်လည်ထူထောင်ကြမည်

ဇာနည်ဘွား

**"စီချွမ်းပြည်နယ် ဝမ်ချွမ်းမြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်တွင် တရုတ်နိုင်ငံ နိုင်ငံတော်အစိုးရသည် တစ်ပြည်လုံးရှိ ပြည်နယ်များကို မိမိတို့ပြည်နယ်အလိုက် ဘဏ္ဍာရေးဝင်ငွေများမှ တစ်ရာခိုင်နှုန်းကို ငလျင်ကပ်ဘေးသင့်ဒေသအား သုံးနှစ်ဆက်တိုက် ကူညီသွားရေး၊ ဗဟိုအစိုးရ၏ နိုင်ငံတော်ရုံးဌာနများအနေဖြင့် အသုံးစရိတ်ကို ငါးရာခိုင်နှုန်းလျှော့ချပြီး ငလျင်ကပ်ဘေးသင့်ဒေသကူညီရေးနှင့် ပြန်လည်တည်ဆောက်ရေးကို နှစ်နှစ်အတွင်း အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရေးတို့ကို ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ခဲ့သည်။ ထို့အတူ ပြည်နယ် ၁၈ ပြည်နယ်က ငလျင်ကပ်ဘေးသင့်ဒေသကို အကွက်စေ့စေ့ တွဲဖက်အထောက်အကူပြုသွားရေး စီမံကိန်းကို ရေးဆွဲချမှတ်ဆောင်ရွက်ခဲ့ရာ အချိန်အတိုင်းအတာ နှစ်နှစ်ကျော်အတွင်း ချန်တူးမြို့အပါအဝင် ငလျင်ဘေးဒဏ်သင့်ဒေသအတွင်းရှိ မြို့များကို တစ်မြို့ပြီးတစ်မြို့ သစ်လွင်စွာ ပြန်လည်ထူထောင်နိုင်ခဲ့ကြ"**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ သဘာဝဘေးအန္တရာယ်များသည် ယနေ့ ကမ္ဘာကို မကြုံစဖူးခြိမ်းခြောက်လာသည်။ မိုးခေါင်ခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ ဆူနာမီ ဒီရေလှိုင်းများ ဖုံးလွှမ်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းကြီးများဝင်ရောက်ခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် တစ်ခုမဟုတ်တစ်ခု မကြာခဏ တွေ့ကြုံခံစားလာခဲ့ကြရသည်။

လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်အတွင်းကဆိုပါမူ အာရှတိုက်အတွင်းမှ မြန်မာနှင့်တရုတ် အိမ်နီးချင်း နှစ်နိုင်ငံသည် သဘာဝဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွား တွေ့ကြုံခံစားခဲ့ကြရသည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကိုဗဟိုပြု၍ အလွန်ပြင်းထန်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး ဝင်ရောက်တိုက်ခတ်မှုကြောင့် လူပေါင်း တစ်သိန်းကျော်သေဆုံးခဲ့ပြီး အသက်အိုးအိမ်စည်းစိမ်ဥစ္စာများစွာပျက်စီးဆုံးရှုံးခဲ့ရသည်။

မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသသို့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး ဝင်ရောက်တိုက်ခတ်ပြီး ရက်ပိုင်းအတွင်း မေလ ၁၂ ရက်နေ့တွင် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်အနောက်တောင်ပိုင်းဒေသ၌ ပြင်းအားရစ်(ခ်)တာစကေး အဆင့် ၈ အထိရှိသည့် မြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် လူပေါင်း ၆၉၂၇၇ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၁၇၉၂၃ ဦး ပျောက်ဆုံးခဲ့သည်။ စီးပွားရေးအရ တရုတ်ယွမ်ငွေ ၈၄၅ ဒသမ ၁ ဘီလီယံခန့် ဆုံးရှုံးခဲ့လေသည်။

အဆိုပါငလျင်သည် တရုတ်ပြည်သစ်ထူထောင်ပြီး နှစ်ပေါင်း ၆၀ နီးပါးအတွင်း ဖျက်ဆီးမှုစွမ်းအားအပြင်းအထန်ဆုံးဂယက်ရိုက်ခတ်မှု နယ်ပယ်အဝန်းအဝိုင်း အကျယ်ပြန့်ဆုံးနှင့် ကယ်ဆယ်ရန် ခက်ခဲမှုအကြီးမားဆုံးဖြစ်သည့် မြေငလျင်ကြီးဖြစ်သည်ဟု ဆိုသည်။

စီချွမ်းပြည်နယ် ဝမ်ချွမ်း ငလျင်ကပ်ဘေး ကယ်ဆယ်ရေးအတွက် ငွေရှိသူက ငွေထုတ်၊ လူရှိသူက လူထုတ်၊ နည်းပညာရှိသူက နည်းပညာထုတ်သုံးပြီးဆောင်ရွက်ခဲ့ကြသည်။ တိုတောင်းသောအချိန်ကာလအတွင်းမှာပင် ရုပ်ဝတ္ထုသယ်ယူပို့ဆောင်ရေးတပ်ဖွဲ့၊ ဆေးဝါးကုသ ကယ်ဆယ်ကူညီရေးတပ်ဖွဲ့၊ စိတ်ဓာတ်ရေးရာအရ ကူညီရေးအဖွဲ့များ အသီးသီးဖွဲ့စည်း၍ အရေးတကြီးဆောင်ရွက်ခဲ့ကြသည်။ စောနိုင်သမျှစောအောင် ကပ်ဘေးကယ်ဆယ်ရေးနေရာသို့ အဆောတလျင် သွားရောက်ခဲ့ကြသည်။

ထိုစဉ်က တရုတ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး ဟူကျင်ထောင်သည် စီချွမ်းပြည်နယ် ဝမ်ချွမ်းမြေငလျင်လှုပ်ပြီးနောက် တစ်နာရီအတွင်းမှာပင် ဒဏ်ရာရသူများကို အမြန်ဆုံး ကယ်တင်ရေး၊ ဘေးအန္တရာယ်ကျရောက်နေသည့်ဒေသက ပြည်သူလူထု၏ အသက်အန္တရာယ်လုံခြုံရေးကို အမြန်ဆုံးအာမခံပေးရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် ဝမ်ကျားပေါင်ကလည်း မြေငလျင်ကြီးလှုပ်ခတ်ပြီး ငါးနာရီအကြာမှာပင် ဘေးအန္တရာယ်ကျရောက်နေသည့်နေရာသို့ရောက်ရှိသွားပြီး ဘေးအန္တရာယ်ကျရောက်နေသည့်ပြည်သူများကို နွေးထွေးနှစ်သိမ့်ပေးခဲ့သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အပါအဝင် ကယ်ဆယ်ကူညီရေးတပ်ဖွဲ့ဝင်များက နောက်ဆက်တွဲမြေငလျင် အဆက်မပြတ်လှုပ်ခတ်နေသည့်ကြားမှာပင် တောင်ကမ်းပါးယံပြိုကျမှုများ၊ ရွှံ့နွံကျောက်တုံးများ စီးဆင်းမှုအန္တရာယ်များကိုမမှုဘဲ အခက်အခဲနှင့် အတားအဆီးအားလုံးကို ကျော်လွှားကာ မြေငလျင်လှုပ်ခတ်နေသည့် ဒေသထဲသို့ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာခဲ့ကြသည်။

ကျောင်းတစ်ကျောင်းတွင် ကျောင်းသား ၁၀၀ ကျော်ခန့် အပျက်အစီးပုံအောက်တွင် ပိတ်မိနေခဲ့ရာတွင် ကယ်ဆယ်ကူညီရေးအဖွဲ့ဝင်များသည် အပျက်အစီးပုံအတွင်းမှ ကလေး သုံး၊ လေးဆယ်ကို ကယ်ထုတ်နိုင်ခဲ့ပြီး အလောင်း ၃၀ ကျော်ကိုလည်း ထုတ်ယူနိုင်ခဲ့ကြသည်။

သို့ရာတွင် နောက်ဆက်တွဲငလျင်နှင့် စက်ယန္တရားများကို အသုံးချမှုကြောင့် ရွေ့လျားမှုများ ဖြစ်ပေါ်ခဲ့၍ အပျက်အစီးပုံများ ထပ်မံပြိုကျမှုများ ဖြစ်ပေါ်နိုင်သည့်အလျောက် ကူညီကယ်ဆယ်ရေးကို မကြာခဏရပ်နားခဲ့ကြရသည်။

အပျက်အစီးပုံများထဲက ကလေးတစ်ယောက်ကို မကြာခင်က ကယ်တင်ပေးခဲ့သည့် တပ်သားတစ်ဦးသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားစဉ်အတောအတွင်းမှာပင် ထပ်မံကယ်ထုတ်လို၍ သူ့ကိုဝိုင်းဆွဲထားသည့် လူများရှေ့၌ ဒူးထောက်ပြီး "ကျွန်တော် နောက်ထပ်ကလေးတစ်ယောက်ကို သွားကယ်ဆယ်ပါရစေ၊ တောင်းပန်ပါတယ်၊ ကျွန်တော် နောက်ထပ်ကလေးတစ်ယောက်တော့ ကယ်နိုင်ပါတယ်"ဟု ငိုယိုပြောဆိုနေခဲ့သည့်မြင်ကွင်းများ၊ ပေချွမ်းငလျင်ကပ်ဘေးသင့်ဒေသရှိ လေးဖက်လေးတန် မီးခိုးတလူလူထွက်နေသည့်အပျက်အစီးပုံပေါ်မှ ဒဏ်ရာရနေသည့် ကလေးတစ်ယောက်သည် သစ်သားပြားကလေးနှင့် ယာယီထမ်းစင်ပေါ်တွင် လဲလျောင်းနေရာမှ လှုပ်ရှားနိုင်သေးသော သူ၏ညာဘက်လက်ကလေးဖြင့် သူ့ကိုထမ်းထားသည့် တပ်ဖွဲ့ဝင်များကို ရိုသေစွာအလေးပြုနေရှာသည့် မြင်ကွင်းများသည် ထိုစဉ်က ကမ္ဘာ့ပြည်သူများ၏စိတ်နှလုံးကို လှုပ်ရှားစေခဲ့သည်။

ကူညီကယ်ဆယ်ရေးဖြစ်စဉ်အတွင်း ထိုသို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ငလျင်ကပ်ဘေးဒေသမှ ပြည်သူများ၏ ချစ်ခင်လေးစားမှုများကို ရရှိခဲ့ကြလေသည်။ လူထုအဖွဲ့အစည်းအသီးသီးကလည်း အလှူငွေများရှာဖွေစုဆောင်းခြင်း၊ ဘော်လံတီယာများအဖြစ် ပါဝင်ဆောင်ရွက်ခြင်းစသည်ဖြင့် အစိုးရနှင့်အတူ တက်ညီလက်ညီချီတက်ကာ မြေငလျင်ကပ်ဘေးကူညီရေး အကျပ်အတည်းကာလတွင် ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မြေငလျင်ကပ်ဘေး ကူညီကယ်ဆယ်ရေးတွင် အရေးပေါ်သွေးလိုအပ်မှုရှိသည်ကို သိရှိသည့်အခါတွင်လည်း စီချွမ်းပြည်နယ် ချန်တူးမြို့မှ မြို့သူမြို့သားများအပါအဝင် မြို့တော်အသီးသီးမှ ပြည်သူများသည် တစ်ခဲနက် လာရောက်သွေးလှူဒါန်းခဲ့ကြရာ တရုတ်ပြည်ဆေးရုံကြီးများရှိ သွေးလှူဘဏ်များသည် တိုတောင်းသော သုံး၊ လေးရက်အတွင်းမှာပင် ပြည့်လျှံသွားခဲ့သည်။

ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုးသားများကလည်း သံရုံးများမှတစ်ဆင့်သော် လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း လမ်းကြောင်းအသွယ်သွယ်မှ ငွေကြေးနှင့် ရုပ်ဝတ္ထုအကူအညီများ ပေးပို့လှူဒါန်းခဲ့ကြသည်။

ထိုစဉ်က ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုးသားများအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ အသက် ၈၃ နှစ်အရွယ်ရှိ Han Sung Ho က "အမိပြည်မှာ အထူးပြင်းထန်လှတဲ့မြေငလျင် သဘာဝကပ်ဘေးဒဏ် ခံလိုက်ရတဲ့အချိန်မှာ ငါတို့တိုင်းတစ်ပါးရောက် တရုတ်အမျိုးသားတွေဟာ အမိနိုင်ငံအတွက် ကိစ္စနည်းနည်းပါးပါးလောက်တော့ ဆောင်ရွက်သင့်ပါတယ်။ အလှူငွေထည့်ဝင်ခြင်းနဲ့ အလှူငွေကောက်ခံပေးခြင်းတို့ဟာ ကပ်ဘေးသင့်ဒေသက ပြည်သူတွေကို မိမိတို့ရဲ့စေတနာကို ပုံစံတစ်မျိုးနဲ့ ဖော်ပြလိုက်တာဖြစ်တယ်"ဟု ဆိုသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီကလည်း စီချွမ်းပြည်နယ် ဝမ်ချွမ်းမြေငလျင်ဘေးကို ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် ဆွေမျိုးပေါက်ဖော်များကို တစ်ပြည်လုံးက အမျိုးသားပြည်သူများ၏ နက်နဲသည့် ဝမ်းနည်းကြေကွဲမှုကို ဖော်ပြရန်အတွက် ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်မှ ၂၁ ရက်နေ့အထိ တစ်မျိုးသားလုံးဆိုင်ရာ ဝမ်းနည်းကြေကွဲဖွယ်နေ့အဖြစ် သတ်မှတ်ပြီး အများပြည်သူ ကစားပျော်ရွှင်မှု အစီအစဉ်လှုပ်ရှားမှုများကို ရပ်ဆိုင်းထားခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က အလွန်ပြင်းထန်သော မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုဖြစ်စဉ်၌လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် *စာမျက်နှာ ၁၁ သို့*

**■ တရုတ်ပြည်နယ် အနောက်တောင်ပိုင်းဒေသ စီချွမ်းပြည်နယ် ဝမ်ချွမ်းမြေငလျင်ကြီးလှုပ်ခတ်မှုဖြစ်စဉ်အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထိုက်အလျောက် အချိန်ယူတည်ဆောက်ရသဖြင့် မြန်မာနိုင်ငံ ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံသားအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တက်ညီလက်ညီ၊ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရပါမည်**

**❍ တကယ်တော့ သဘာဝဘေးအန္တရာယ်အရေးသည် နိုင်ငံရေးအကျိုးအမြတ်အတွက် မျှော်ကိုး၍ လုပ်ဆောင်ရသည့် နိုင်ငံရေးမဟုတ်၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံ့အရေးကိစ္စသာဖြစ်**

*စာမျက်နှာ ၁၀ မှ*

စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားသောအားဖြင့် နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် (the day of national mourning) အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူခဲ့သည်။

ထို့အတူ ပြင်းထန်သည့် ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ပြည်သူအချို့သေဆုံးဒဏ်ရာရ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့မှုအပေါ် တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲနေရသောကာလဖြစ်၍ ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ကို အပျော်အပါး သီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်အဖြစ်သာ ကျင်းပခဲ့ပါသည်။

အလားတူ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငလျင်လှုပ်ခတ်ပြီး နာရီပိုင်းအတွင်းမှာပင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ထိခိုက်ပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအခြေအနေများအရ အရေးပေါ်အခြေအနေ သတ်မှတ်၍ မတ် ၂၈ ရက် ညပိုင်းမှာပင် နိုင်ငံတကာမှ အကူအညီများရရှိရန် နိုင်ငံပိုင်ရုပ်သံများမှ တစ်ဆင့် ဖိတ်ခေါ်ခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲက နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစသည့် ငလျင်ဒဏ်အဓိကခံစားခဲ့ရသော ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့အတူ နိုင်ငံတော်အကြီးအကဲသည် ဧပြီလ ၄ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်အတွင်း အစည်းအဝေးတက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး မြေငလျင်နှင့်ပတ်သက်၍ အကူအညီ တောင်းခံခဲ့ပါသည်။

ဧပြီလ ၁၇ ရက်နေ့တွင်လည်း နိုင်ငံတော်အကြီးအကဲသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် H.E. Anwar Ibrahim နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံငလျင်ဘေးဒဏ်မှ ပြန်လည်ထူထောင်ရေးတွင် အာဆီယံအသိုက်အဝန်းမှ စည်းလုံးညီညွတ်မှုဖြင့် ဆက်လက်ကူညီဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ ကနဦးဖိတ်ခေါ်မှုနှင့်အတူ နိုင်ငံတကာရှာဖွေကယ်ဆယ်ရေး အဖွဲ့အများအပြားသည် ငလျင်ဘေးဒဏ်သင့်၍ ပိတ်မိနေသူများကို ကူညီရှာဖွေကယ်ဆယ်ပေးရန် မြန်မာနိုင်ငံသို့ အလျင်အမြန်ဝင်ရောက်လာခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ငလျင်လှုပ်ခတ်ပြီး ၇၂ နာရီမတိုင်မီ အစောဆုံးဝင်ရောက်လာခဲ့သည်။ ဆက်လက်၍ အိန္ဒိယ၊ ရုရှား၊ ဘယ်လာရုစ်၊ ဘူတန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ တူကီယဲ၊ အာရပ်စော်ဘွားများနိုင်ငံ(UAE) စသည့် နိုင်ငံပေါင်း ၂၀ မှ အရေးပေါ်ကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များနှင့် ဆေးကုသရေးအဖွဲ့ဝင်များသည် ခေတ်မီကူညီကယ်ဆယ်ရေးပစ္စည်းကိရိယာ အပြည့်အစုံဖြင့် ရောက်ရှိလာခဲ့ကြသည်။

နိုင်ငံတကာအရေးပေါ်ကူညီရေးအဖွဲ့ဝင်များသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ငလျင်လှုပ်ခတ်ခဲ့သည့် မတ်လ ၂၈ ရက်နေ့မှ ဧပြီလ ၈ ရက်နေ့အတွင်း အပျက်အစီးများအောက်တွင် ပိတ်မိနေခဲ့ကြသော လူပေါင်း ၆၅၃ ဦးကို အသက်ရှင်လျက် ကယ်ဆယ်ပေးနိုင်ခဲ့ကြသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများစွာတို့ကလည်း ငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှာရီနာရန် ဒရာမိုဒီ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ နီကာရာဂွာနိုင်ငံတို့မှ အကြီးအကဲများအပါအဝင် ပြည်ပနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများကလည်း လိုအပ်သည့်အကူအညီများ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲထံ ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သကဲ့သို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာများကိုလည်း ပေးပို့ခဲ့ကြသည်။

ပြည်တွင်းရှိ စေတနာရှင် အလှူရှင်များကလည်း ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြရာ ဧပြီလ ၁ ရက်နေ့က နေပြည်တော်၌ ကျင်းပခဲ့သာ လှူဒါန်းပွဲအခမ်းအနားတွင် ငွေသား ၁၀၄ ဒသမ ၄၄ ဘီလီယံ၊ အလှူပစ္စည်း ၁၂ ဒသမ ၄ ဘီလီယံ၊ စုစုပေါင်း ၁၁၆ ဒသမ ၈၄ ဘီလီယံ လှူဒါန်းခဲ့ကြသည်။ ထို့အတူ စီးပွားရေးလုပ်ငန်းရှင်များ၊ အနုပညာရှင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ စီးပွားရေးကုမ္ပဏီအဖွဲ့အစည်းများ၊ တစ်ဦးချင်းအလှူရှင်များ၊ စုပေါင်းအလှူရှင်များကလည်း ငလျင်ဘေးသင့် ဒေသခံပြည်သူများထံ သွားရောက်ပြီး လက်ရောက်ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ရန်ကုန်မြို့အပါအဝင် မြို့ရွာအသီးသီးရှိ လူငယ်မောင်မယ်များကလည်း အလှူငွေများ ကောက်ခံ၍ ပေးပို့လှူဒါန်းခဲ့ကြသည်။ နိုင်ငံတော်အနေဖြင့်လည်း ဘီလီယံ ၅၀၀ ကိုမတည်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နိုင်ငံတော်အကြီးအကဲသည် ဧပြီ ၁၉ ရက်က ငလျင်ဘေးသင့်ဒေသများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ကျပ်ဘီလီယံ ၅၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွက် ကျပ်ဘီလီယံ ၆၀ ပေးအပ်ခဲ့ပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပထမဦးစားပေးအနေဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အပိုင်းအစများအားလုံး အမြန်ဆုံးရှင်းလင်းဖယ်ရှားရေး၊ ဒုတိယအဆင့်အနေဖြင့် လက်ရှိအခြေအနေတွင် ပျက်စီးလုနီးပါးဖြစ်နေသည့်အပြင် အန္တရာယ်ရှိသည့် အဆောက်အအုံများအား ဘေးအန္တရာယ်ကင်းစွာ အပြီးတိုင်စနစ်တကျဖြင့် ဖြိုခွဲဖျက်ဆီးရေး၊ တတိယအဆင့်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆောက်ရေးကဏ္ဍ၌ ယခုငလျင်ဒဏ်ခံစားရမှုအပေါ် သင်ခန်းစာရယူ၍ လမ်း၊ တံတား၊ ရုံးအဆောက်အအုံများ၊ အထပ်မြင့်အဆောက်အအုံများအား ငလျင်ဒဏ်ခံနိုင်ရေးအတွက် မြေအနေအထားစစ်ဆေးခြင်းပြုလုပ်ပြီးမှသာ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးဟူသည့် အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ချမှတ်ထားသည်။

စီချွမ်းပြည်နယ် ဝမ်ချွမ်းမြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်တွင် တရုတ်နိုင်ငံ နိုင်ငံတော်အစိုးရသည် တစ်ပြည်လုံးရှိ ပြည်နယ်များကို မိမိတို့ပြည်နယ်အလိုက် ဘဏ္ဍာရေးဝင်ငွေများမှ တစ်ရာခိုင်နှုန်းကို ငလျင်ကပ်ဘေးသင့်ဒေသအား သုံးနှစ်ဆက်တိုက် ကူညီသွားရေး၊ ဗဟိုအစိုးရ၏ နိုင်ငံတော်ရုံးဌာနများအနေဖြင့် အသုံးစရိတ်ကို ငါးရာခိုင်နှုန်းလျှော့ချပြီး ငလျင်ကပ်ဘေးသင့် ဒေသကူညီရေးနှင့် ပြန်လည်တည်ဆောက်ရေးကို နှစ်နှစ်အတွင်း အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရေးတို့ကို ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ခဲ့သည်။ ထို့အတူ ပြည်နယ် ၁၈ ပြည်နယ်က ငလျင်ကပ်ဘေးသင့်ဒေသကို အကွက်စေ့စေ့ တွဲဖက်အထောက်အကူပြုသွားရေး စီမံကိန်းကို ရေးဆွဲချမှတ်ဆောင်ရွက်ခဲ့ရာ အချိန်အတိုင်းအတာ နှစ်နှစ်ကျော်အတွင်း ချန်တူးမြို့အပါအဝင် ငလျင်ဘေးဒဏ်သင့်ဒေသအတွင်းရှိ မြို့များကို တစ်မြို့ပြီးတစ်မြို့ သစ်လွင်စွာ ပြန်လည်ထူထောင်နိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ ခုနှစ် မေ ၁၁ ရက်အထိ သေဆုံးသူ ၃၇၂၁ ဦး၊ ထိခိုက်ဒဏ်ရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၆ ဦးရှိခဲ့သည်။ ထိခိုက်ပျက်စီးမှုများအနေဖြင့် နေအိမ်/အဆောက်အအုံ ၆၅၀၉၆ လုံး၊ စာသင်ကျောင်း ၂၅၁၄ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း ၄၃၁၇ ကျောင်း၊ ဘုရားစေတီ ၆၀၂၇ ဆူ၊ ဆေးရုံ/ဆေးခန်း ၃၅၀၊ ရထားလမ်း ၃၈ ခု၊ လမ်း၂၆၉ ခု၊ အမြန်(လမ်းပိုင်း) ၂၀၃ ခု၊ ဆည်/တမံ ၅၈၆ ခုနှင့် တံတားအစင်း ၁၇၀ တို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သတင်းထုတ်ပြန်ခဲ့သည်။

တရုတ်ပြည်နယ် အနောက်တောင်ပိုင်းဒေသ စီချွမ်းပြည်နယ် ဝမ်ချွမ်းမြေငလျင်ကြီး လှုပ်ခတ်မှုဖြစ်စဉ်အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထိုက်အလျောက် အချိန်ယူတည်ဆောက်ရသဖြင့် မြန်မာနိုင်ငံ ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံသားအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တက်ညီလက်ညီ၊ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရပါမည်။

တကယ်တော့ သဘာဝဘေးအန္တရာယ်အရေးသည် နိုင်ငံရေးအကျိုးအမြတ်အတွက် မျှော်ကိုး၍ လုပ်ဆောင်ရသည့် နိုင်ငံရေးမဟုတ်၊ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် နိုင်ငံ့အရေးကိစ္စသာ ဖြစ်ပါသည်။ တရုတ်(တိုင်ပေ)တွင် Morakot တိုင်ဖုန်းမုန်တိုင်းကြီးတိုက်ခတ်စဉ်က တရုတ်ပြည်မကြီးရှိ နယ်ပယ်အသီးသီးမှ ပြည်သူများက တရုတ်ယွမ်ငွေ တစ်ဘီလီယံနီးပါးကို တက်တက်ကြွကြွ လှူဒါန်းကူညီခဲ့ကြသလို တရုတ်ပြည်အနောက်တောင်ပိုင်း စီချွမ်းပြည်နယ် ဝမ်ချွမ်းမြေငလျင်ကြီးလှုပ်ခတ်မှုဖြစ်စဉ်တွင်လည်း ရေလက်ကြားတစ်ဖက်ကမ်းရှိ ဆွေမျိုးပေါက်ဖော်များက အလှူငွေများအပြန်အလှန် ထည့်ဝင်လှူဒါန်းခဲ့ကြသည် မဟုတ်ပါလား။ ။

## ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(ကမ္ဘာအေး)၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက် ၉ နာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၊ အောက်မြန်မာပြည်ဌာနခွဲ (ကမ္ဘာအေး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဌာနခွဲ တာဝန်ခံများက ဌာနခွဲအလိုက် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



တင်ပြမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းများသည် အရေးကြီးသည့် ပညာရပ်ဆိုင်ရာလုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ဌာနနှင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အနာဂတ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လိုအပ်ချက်များရှိပါကအဆင့်ဆင့် တင်ပြသွားရန် ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ရေဒါအဆောက်အအုံအတွင်း ရေဒါစက်ကိရိယာများ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ကိရိယာဝင်းခြံအတွင်းရှိ တိုင်းတာရေးကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီမျိုးကို**
**တတ်နိုင်သမျှ**
**လျှော့စား၍**
**အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ပါ**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ  ၁၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော Grade–12 ပြန်လည်ဖြေဆိုမည့် စခန်းသွင်းလေ့ကျင့်သင်ကြားနေသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ နေထိုင်စားသောက်ရေးနှင့် အခက်အခဲမရှိ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက အမှာစကားပြောကြားကာ တာဝန်ရှိသူအသီးသီးမှ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တောင်ဖီလာတောင်ရှိ ပတ္တမြားစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ပတ္တမြားစေတီနှင့် သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) ပြည့် အားကစားခန်းမ၌ စစ်ကိုင်းမြို့ရှိ ရပ်ကွက်(၆) ရပ်ကွက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ငလျင်ဘေးဒဏ်သင့် ပြည်သူများအား ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ဒဏ်ရာရ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် ၄၇၃၇၅၀၀၀၀ သိန်းနှင့် အာဆီယံလူသားချင်း



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတား ခုံးအမှတ် (၄/၅)တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူကာ တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

စာနာထောက်ထားမှုကူညီရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center)မှ မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်နေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် နှစ်(၇၀၀)ပြည့် အားကစားကွင်း ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းရှိ ပြည်သူများအား ကြည့်ရှုအားပေးပြီး တန်ဖိုးသင့်လူနေအိမ် နမူနာပုံစံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့ကို စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့ သွားရောက်၍ ယာယီရှင်းလင်းဆောင် တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် (၄/၅) တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းခွင်၌ တံတား၏ ဘယ်/ညာ ကားလမ်းရှိ ဖြတ်တောက်ထားရှိသော ကျောက်ပြားများ၊ လက်ရန်းသံပေါင်ဖြတ်စများကို ကမ်းပါးပေါ်သို့ ဝန်ချီစက်ဖြင့် သယ်ယူရွှေ့ပြောင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ဝန်ချီစက်တင်သင်္ဘောများ လုပ်ငန်းနေရာရွှေ့ပြောင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ပြီးစီးမှုများကို နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် သံလျက်မော် အနောက်ရပ်ကွက် အကွက်အမှတ် (၄၀၂)ရှိ ရွှေဘိုကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ဖူးမြော်ကြည်ညို၍ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် အဆိုပါကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းတွင် ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၈၉ စုအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့် ပြည်သူများက လက်ခံရယူသည်။

ဆက်လက်၍ ငလျင်ဘေးသင့်ပြည်သူများအတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားပြီး ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ပန်းစုံကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ယင်းနောက် ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၇၅ စုစာအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့်ပြည်သူများက လက်ခံရယူကြသည်။

ဆက်လက်၍ တာဝန်ရှိသူများအား အချိန်အခါမဟုတ် မိုးများရွာသွန်းနေခြင်းကြောင့် ဖျားနာရောဂါများ၊ ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ အမှိုက်များကို စွန့်ပစ်ကန်ဖြင့် စနစ်တကျ စွန့်ပစ်နိုင်စေရေး၊ ယာယီနေထိုင်သူများအား စနစ်တကျ မှတ်တမ်းပြုစုထားရှိစေရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**အလှူငွေများ ပေးအပ်လှူဒါန်း**

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ကျဆုတောင်းပြည့် မြတ်စွာဘုရားသို့ သွားရောက်၍ ဌာပနာပစ္စည်းများကို သမိုင်းဝင်အောင်မြေ ရွှေကြက်ကျ ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီး၏ ဌာပနာတိုက်အတွင်းသို့ သွင်းလှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၁၃ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးတောင်တော်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆုတောင်းပြည့်ဘုရား ဂန္ဓကုဋိတိုက်ပြုပြင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကူမဲမြို့ရှိ ငလျင်ဘေးသင့် ပြည်သူများအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့အား ကြိုဆိုနှုတ်ဆက်

**နေပြည်တော် မေ ၁၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ် မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထိုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့ကြသော ဗိုလ်မှူးချုပ် မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ တံတားဦးလေဆိပ်၌ သွားရောက်ကြိုဆို နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများတွင် စခန်းပေါင်းစုံစွမ်းရည်ပြိုင်ပွဲများပြုလုပ်၊ အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းသွင်းလေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပရန် နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မေ ၁၁**

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် ရန်ကုန်မြို့ရှိ ရေဝတီ ရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံ တွေ့ဆုံပွဲပြုလုပ်ကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများကို ရေဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄)ရေတပ်ဗေဒတံတားတို့၌ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် အုပ်ချုပ်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး/ဖြေစာမေးပွဲ၊ ကြိုးချည် ကြိုးထိုး လက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်း လက်တွေ့ပြိုင်ပွဲနှင့် ပဲ့စင်တပ်ဖွဲ့တာဝန် ဖွဲ့စည်းဆောင်ရွက်မှု လက်တွေ့ပြိုင်ပွဲများ ကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အလားတူ အခြေခံ လေကြောင်းလူငယ် သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့် လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်း သင်တန်းသား ၈၀၄ ဦး အား ဧပြီ ၂၂ ရက်မှစတင်၍ သင်ကြားပို့ချလျက်ရှိရာ နယ်မြေဒေသအသီးသီးရှိ သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူများသည် လေယာဉ်/ရဟတ်ယာဉ်လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်နှင့် စုပေါင်းသင်တန်းဆင်းပွဲ ကျင်းပပြုလုပ်ရန်အတွက် နေပြည်တော် ကောင်စီနယ်မြေသို့ တပ်မတော် လေယာဉ်များ၊ တပ်မတော် မော်တော်ယာဉ်များဖြင့် စုံလင်စွာ ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခြင်းနှင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသားများ စွမ်းရည်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။



အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများ စခန်းဝင်ရန် နေပြည်တော်သို့ ထွက်ခွာစဉ်။

*စာမျက်နှာ ၁၂ မှ*

ထို့နောက် မန္တလေးမြို့ မန္တလေးတောင်တော်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မွန်းတည့်သိမ်ဘုရား ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း၊ စန္ဒာမုနိဘုရား ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း၊ ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ရှိ ဂန္ဓကုဋီတိုက်ပြုပြင်နေမှု၊ အမိုးခုံးတိုင်များပြုပြင်နေမှု၊ ခါတ်လှေကား၊ စက်လှေကားများ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့နယ် မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက် အုတ်စက်ရုံတွင် ကျောက်မီးသွေးမှုန့်တို့ဖြင့် ရောစပ်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော အဆင့်မြင့်အုတ်များ ထုတ်လုပ်နေမှု၊ စက်ရုံလည်ပတ်နေမှုအခြေအနေများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး စက်ရုံအတွင်းရှိ ကျောက်မီးသွေးမှုန့်ကုန်ကြမ်းများမှတစ်ဆင့် အရည်အသွေးမြင့်အုတ်များ ထွက်ရှိလာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှထွက်ရှိသော အုတ်များကို ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ အရည်အသွေးမကျဆင်းစေရေးနှင့် အုတ်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားခဲ့ပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုရှိ သုခိစံကုမ္ပဏီ ကျောက်မီးသွေးတွင်း၌ ကျောက်မီးသွေးများ စုပုံထားရှိမှုအခြေအနေများနှင့် ဘိလပ်မြေစက်ရုံများသို့ ကျောက်မီးသွေးကုန်ကြမ်းများ ပေးသွင်းနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘိလပ်မြေစက်ရုံများ လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ကျောက်မီးသွေးကုန်ကြမ်းများအား စက်ရုံများသို့ ပေးသွင်းရာတွင် အရည်အသွေးပြည့်မီစွာ ပေးသွင်းနိုင်ရေး၊ ဘိလပ်မြေစက်ရုံများ လည်ပတ်ရန်အတွက် လိုအပ်ချက်များအတိုင်း အလျဉ်မီစွာ ပေးသွင်းနိုင်အောင် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်နှင့် မီးဘေးလုံခြုံမှု စနစ်တကျရှိစေရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကူမဲမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ပြည်သူများ၏ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်အတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် အမှန်တကယ်လိုအပ်လျက်ရှိသော ငလျင်ဘေးဒဏ်သင့် ပြည်သူများ၏ လက်ဝယ်သို့ စနစ်တကျ တိုက်ရိုက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ငလျင်ဒဏ်အင်အား ရစ်(ခ်)တာစကေးအဆင့်(၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်သားမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုရှိ Mandalay Rising Star ကုမ္ပဏီလီမိတက် MRS အုတ်စက်ရုံသို့ သွားရောက်၍ အုတ်များ ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှ ထွက်ရှိသောအုတ်များအား ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် အုတ်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမေရိကန်၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူ

နယူးဒေလီ မေ ၁၁


**အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့ကြောင်း သိရသည်။ အိန္ဒိယနှင့် ပါကစ္စတန်ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က မေ ၁၀ ရက်က ဝမ်းမြောက်စွာကြိုဆိုခဲ့သည်။**

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို မေ ၁၀ ရက်က ကြေညာခဲ့ပြီးနောက် နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများကို စွပ်စွဲထားကြကြောင်း သိရသည်။ သို့သော်လည်း မေ ၁၁ ရက်တွင် ထင်ရှားသည့် စစ်ရေးလှုပ်ရှားမှုများ မတွေ့ရှိကြောင်း သိရသည်။

ပါကစ္စတန်ပိုင်နက်ပေါ်သို့ အိန္ဒိယက မေ ၇ ရက်တွင် ဒုံးကျည်တစ်စင်းပစ်လွှတ်သည့် အချိန်မှစကာ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ယင်းမှာ အငြင်းပွားဖွယ်ကက်ရှ်မီးယားဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုအတွက် လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း အိန္ဒိယက ပြောကြားသည်။

နှစ်ဖက်စလုံးက ချက်ချင်းအပစ်အခတ်ရပ်စဲရေးကို သဘောတူခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လူမှုကွန်ရက်မီဒီယာတွင် မေ ၁၀ ရက်က ကြေညာထားသည်။ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ကလည်း တိုက်ပွဲများရပ်တန့်ရန် သဘောတူခဲ့ကြောင်း သီးခြားစီကြေညာခဲ့ကြကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ကာကွယ်ရေးဝန်ကြီးရာဂျ်နတ်ဆင်းနှင့် တပ်မတော် အကြီးအကဲများအပါအဝင် တာဝန်ရှိသူများနှင့် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို မေ ၁၁ ရက်တွင် ကျင်းပသည်။




ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီးဌာနက အတွက် အမေရိကန်ကို ကျေးဇူးတင်ကြောင်း
ကြားဝင်ဖျန်ဖြေပေးသူအဖြစ် ဆောင်ရွက်ပေးသည့် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

# နျူကလီးယားဆိုင်ရာ အခွင့်အရေးနှင့်ပတ်သက်ပြီး စွန့်လွှတ်သွားမည် မဟုတ်ဟု အီရန်ပြောကြား

ဒိုဟာ မေ ၁၁

အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ၎င်း၏ နျူကလီးယားဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်ပြီး စွန့်လွှတ်သွားမည်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက်ဒ်အက်ဘာ့စ် အာရာဂ်ချီက မေ ၁၀ ရက်တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်မပြန့်ပွားရေးကို ကတိကဝတ်ပြုထားသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နျူကလီးယားစွမ်းအင်ငြိမ်းချမ်းစွာ အသုံးပြုခွင့်ကို ဆက်လက်ထိန်းသိမ်းထားကြောင်း ဒိုဟာတွင် ပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် အာရပ်–အီရန်ဆွေးနွေးမှု ညီလာခံတွင် အာရာဂ်ချီက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အီရန်နိုင်ငံသည် နျူကလီးယားလက်နက်ကို ရယူထုတ်လုပ်ရန် ကြိုးစားနေခြင်း မဟုတ်ကြောင်းနှင့် အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သည့် လက်နက်များမှာ အီရန်၏ လုံခြုံရေးဆိုင်ရာ မူဝါဒတွင် နေရာမရှိကြောင်း၊ ထို့အပြင် အီရန်နိုင်ငံသည် အနောက်အာရှဒေသတွင် နျူကလီးယား ကင်းစင်ရေးဇုန် ဖန်တီးရေးစဉ်းစားနေသည့် နိုင်ငံများထဲတွင် ပါဝင်ကြောင်း ၎င်းက ဆက်ပြောသည်။

အီရန်နိုင်ငံသည် စစ်မှန်သော ရည်ရွယ်ချက်နှင့်အတူ အမေရိကန်အပြင် အခြားသော နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာရာဂ်ချီက ပြောသည်။ အီရန်နှင့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့တို့သည် လက်ရှိအချိန်အထိ သွယ်ဝိုက်သော ဆွေးနွေးမှု သုံးကြိမ်ပြုလုပ်ပြီးဖြစ်ကြောင်း၊ ပထမအကြိမ်နှင့် တတိယအကြိမ်မှာ အိုမန်နိုင်ငံ၏ မြို့တော် မူစကတ်တွင် ဧပြီ ၁၂ ရက်နှင့် ၂၆ ရက်တွင် ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်ကို အီတလီနိုင်ငံ ရောမမြို့တွင် ဧပြီ ၁၉ ရက်က ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ**



**အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက်ဒ်အက်ဘာ့စ်အာရာဂ်ချီ။**

# အင်ဒိုနီးရှားနိုင်ငံ၌ ပြင်းအား ၆ ဒသမ ၂ ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

ဂျကာတာ မေ ၁၁

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း အာချေးပြည်နယ်၌ မေ ၁၁ ရက်က ပြင်းအား ၆ ဒသမ ၂ ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်းနှင့် လှိုင်းလုံးကြီးများ မဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါငလျင်မှာ အာချေးဘာရတ်ဒါယာဒေသ၏ အနောက်တောင်ဘက် ၂၁ ကီလိုမီတာအကွာ အနက် ၄၅ ကီလိုမီတာကို ဗဟိုပြု၍ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅၇ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ငလျင်လှုပ်မှုကြောင့် လှိုင်းလုံးကြီးများ မဖြစ်ပေါ်လာနိုင်သည့်အတွက် အေဂျင်စီက ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိပေ။

ငလျင်လှုပ်ခတ်မှုကို ဒေသခံများ သိသိသာသာခံစားခဲ့ကြရသော်လည်း လက်ရှိအချိန်အထိ ပြင်းထန်သော ထိခိုက်ပျက်စီးမှုများကို အစီရင်ခံဖော်ပြထားခြင်းမရှိကြောင်း အာချေးပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ အေဂျင်စီမှ အကြီးတန်းအရာရှိ ဆော့ဖ်ယန်က ပြောသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံအလယ်ပိုင်း၌ ယာဉ်မတော်တဆမှုကြောင့် ၂၀ ကျော် သေဆုံး

ကိုလံဘို မေ ၁၁

သီရိလင်္ကာနိုင်ငံ အလယ်ပိုင်းပြည်နယ် ကော့မာလဲကျေးရွာ၌ မေ ၁၁ ရက် နံနက်ပိုင်းက ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးအတွင်းသို့ ပြုတ်ကျမှုဖြစ်ပွားရာ ၂၀ ကျော် သေဆုံးပြီး အချို့ဒဏ်ရာရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိသူများမှာ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ သီရိလင်္ကာပို့ဆောင်ရေးအဖွဲ့က အခင်းဖြစ်ပွားရာနေရာသို့ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အဖွဲ့တစ်ခုကို စေလွှတ်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၌ ယာဉ်မတော်တဆမှုများမှာ မကြာခဏဖြစ်ပွားလေ့ရှိပြီး ယခုနှစ် ဧပြီ ၂ ရက်အထိ ယာဉ်မတော်တဆမှု ၅၆၅ ခု ဖြစ်ပွားရာ သေဆုံးသူစုစုပေါင်း ၅၉၂ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# ဂါဇာတွင် ရေပေးဝေရေးစနစ်ပြိုလဲမှုကြောင့် ဒေသခံများ အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိ

ရာမယ်လာ မေ ၁၁

အစ္စရေးနှင့်ဖြစ်ပွားနေသော ပဋိပက္ခအတွင်း ရေနှင့်မိလ္လာဆိုးစနစ်အားလုံးနီးပါးပြိုလဲသွားသည့်အတွက် ဂါဇာကမ်းမြောင်တွင် ရေပြတ်လပ်မှုပြဿနာနှင့်ရင်ဆိုင်နေရပြီး အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေသို့ရောက်ရှိနေပြီဖြစ်ကြောင်း ပါလက်စတိုင်း ရေအာဏာပိုင်အဖွဲ့ (ပီဒဗလျူအေ) အဖွဲ့က မေ ၁၀ ရက်တွင် သတိပေးထားသည်။

ထို့အပြင် အစ္စရေးတပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများကြောင့် နေရာအနှံ့အပြားတွင် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်း၊ စက်သုံးဆီနှင့် အရေးကြီးပစ္စည်းများ သယ်ယူရာတွင် အကန့်အသတ်များရှိခြင်းတို့ကြောင့် ရေပေးဝေရေးဝန်ဆောင်မှုများမှာ လုံးဝရပ်တန့်လုနီးအခြေအနေသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း အဆိုပါအာဏာပိုင်များက ဆက်ပြောသည်။



ဂါဇာကမ်းမြောင်ရှိ ရေနှင့်မိလ္လာဆိုးစနစ်၏ အဆောက်အအုံ ၈၅ ရာခိုင်နှုန်းမှာ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးမှုဖြစ်ပွားသောကြောင့် ဒေသခံပြည်သူများမှာ တစ်ရက်လျှင် ပျမ်းမျှရေသုံးလီတာမှ ငါးလီတာအထိသာ ရရှိတော့ကြောင်း ပီဒဗလျူအေက ပြောသည်။ ပီဒဗလျူအေက နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ကြောင်း အစ္စရေးကိုစွပ်စွဲထားပြီး ပိတ်ဆို့မှုများကို ရုပ်သိမ်းရန်နှင့် ရေပေးဝေရေးလုပ်သားများကို အကာအကွယ်ပေးရန် တောင်းဆိုထားသည်။

ဂါဇာကမ်းမြောင်တွင် အရပ်သားနှစ်သန်းကျော်ကို အလုံးစုံပိတ်ဆို့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်မှုကို ကန့်သတ်ခြင်းဖြင့် ရာဇဝတ်မှုများကို စနစ်တကျကျူးလွန်နေသည်ဟု အစ္စရေးကို ဟားမားစ်အုပ်ချုပ်သည့် ဂါဇာအစိုးရ၏ မီဒီယာရုံးက စွပ်စွဲထားသည်။ အစ္စရေးသည် ဂါဇာကို ရက်ပေါင်း ၇၀ ကြာ ဆက်တိုက်ပိတ်ဆို့ထားသည့်အတွက် စက်သုံးဆီ၊ အစားအစာနှင့် ဆေးဝါးထောက်ပံ့မှုများ တင်ဆောင်လာသည့် အကူအညီပေးရေး ထရပ်ကားအစီးရေ ခန့်မှန်းခြေ ၃၉၀၀၀ မှာ ဂါဇာသို့ ဝင်ရောက်နိုင်ခြင်းမရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် မေ ၁၁**

ကဆုန်လပြည်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေ့ဖြစ်ခြင်းနှင့် မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလွန်ပင်ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော် ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်သည်။ ကဆုန်လသည် မြေခြာတ်တွင် ရေပြတ်လပ်သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များစိမ်းလန်းစိုပြည်၍ အခက်အလက်တို့ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသောနိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသောအကျိုးတရားများကိုဖြစ်ထွန်းစေမည်ဖြစ်သည်။

ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် ညောင်ပင်များကို ညှိုးနွမ်းခြောက်သွေ့ခြင်းမရှိဘဲ ရှင်သန်သကဲ့သို့ ဘုရားရှင်၏သာသနာတော်သည် ရှင်သန်လျက်ရှိနေမည်သာဖြစ်ပါကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကိုအမှီပြု၍ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် "ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်" ကို အစဉ်အလာအရ ကျင်းပသည့်ပွဲတော်အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုသို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ထုံးတမ်းစဉ်လာများအတိုင်း ယနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို



မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား လာရောက်ဖူးမြော်ကြသူများကို တွေ့ရစဉ်။

ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါနသီလပွားများခြင်းစသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့လုံးအနှံ့ ဗုဒ္ဓနေ့ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းသူများ၊ ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ပြုသူများဖြင့် စည်ကား

**မန္တလေး မေ ၁၁**

ကဆုန်လပြည့် (ဗုဒ္ဓနေ့) သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပခြင်း၊ မန္တလေးမြို့လုံးအနှံ့တွင် ကုသိုလ်ရှင်များက ဆရာတော်သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်းနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်း ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။



မဟာမုနိဘုရားကြီး ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းပူဇော်ကြသူများအား တွေ့ရစဉ်။

**ပူဇော်သူများဖြင့်စည်ကား**

ယနေ့ နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ဒုတိယ ရေတော် ဆရာတော်ဘုရား ဦးဆောင်၍ ဆရာတော်ငါးပါးက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက သတ်မှတ်ပေးထားသော ဂန္ဓကုဋိတိုက်အပြင်ဘက် အရှေ့ဘက်စောင်းတန်းမှ ဖူးမြော်ခွင့်ပေးထားရာ ရဟန်းရှင်လူပြည်သူများ၊ ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ မန္တလေး ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်းများအပြင် မဟာမုနိပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းစဉ်။

**ကြည်ညိုဖွယ်ရာမြင်ကွင်း**

ထို့အပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီးတွင် ကဆုန်လပြည့်နေ့ နံနက် ၇ နာရီက မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်အသီးသီးမှ သံဃာတော်များ၊ သီလရှင်များကို ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်နှင့် ကုလားပဲဆက်ကပ်လှူဒါန်းပွဲနှင့် ပင့်သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပခဲ့ရာ ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည့် ပုံရိပ်များသည်လည်း နေ့ထူးနေ့မြတ်မြို့နယ်၊ ရပ်ကွက်များအလိုက် ကျင်းပကြပြီး မန္တလေးမြို့တွင်းရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား၊ ကျောက်တော်ကြီးဘုရား၊ အောင်တော်မူဘုရား၊ ချမ်းသာရဘုရား၊ ကျောက်စိမ်းစေတီတော်၊ စွယ်တော်မြတ်စေတီ(မန္တလေး) နှင့် အခြားတန်ခိုးကြီး ဘုရားတို့တွင်လည်း ဘုရားဖူးလာသူများ၊ ညောင်ရေသွန်းလောင်းသူများဖြင့် စည်ကားလျက်ရှိကာ အလှူရှင်များကလည်း အာဟာရဒါန စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်။

**ညောင်ရေသွန်းလောင်း**

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်များရှိ ဘုရားများတွင်



မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီ အသီးသီး၌ ညောင်ရေသွန်းလောင်း ကုသိုလ်ပြုကြသူများကို မြင်တွေ့ရစဉ်။

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ကြည်ညိုဖွယ်ရာ မြင်ကွင်းအဖြစ် တွေ့မြင်ကြရသည်။

**စတုဒိသာကျွေးမွေးလှူဒါန်း**

ထို့အတူ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဆိုင်ရာ မင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ စိုက်ပျိုးထားရှိသည့် မဟာဗောဓိညောင်ပင်များ၌လည်း ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကာ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် မန္တလေးမြို့လုံးအနှံ့ စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ရုရှားနိုင်ငံ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မြန်မာ့တပ်မတော်အနေဖြင့် ပထမဦးဆုံးအကြိမ် စစ်ရေးပြဂုဏ်ပြုချီတက်ခဲ့သည်နှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအားဖြေကြားချက်

ဒီရုရှားနိုင်ငံရဲ့ နှစ်(၈၀)ပြည့် မျိုးချစ်စစ်ပွဲကြီးက ရုရှားနိုင်ငံမှာပဲ ကျင်းပတာပေါ့။ အမှန်ကတော့ ဒီမျိုးချစ်စစ်ပွဲကြီးဆိုတာ ရုရှားနိုင်ငံတစ်နိုင်ငံတည်းအတွက် သက်ဆိုင်တာမဟုတ်ပါဘူး။ အရင်တုန်းက ကမ္ဘာမှာ ဖက်ဆစ်စနစ်၊ နာဇီစနစ်ဆိုတဲ့အစွန်းရောက်မှုတွေရှိခဲ့တယ်။ ဒီဖက်ဆစ်စနစ်၊ နာဇီစနစ်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ကိစ္စပဲ။ ဖက်ဆစ်စနစ်၊ နာဇီစနစ်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ကိစ္စဆိုတာက ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ခင်ဗျားတို့ ကျွန်တော်တို့သိတဲ့အတိုင်းပဲ၊ ဖက်ဆစ်စနစ်ရဲ့ ဆိုးကျိုးတွေ ကျွန်တော်တို့ ခံစားခဲ့ရပါတယ်။ မြန်မာပြည်သူတစ်ရပ်လုံးလည်း နှိပ်စက်ခံခဲ့ရပါတယ်။ ဒီလိုပဲ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ နိုင်ငံတွေမှာလည်း ဖက်ဆစ်စနစ်ရဲ့ ဆိုးကျိုးတွေ ခံခဲ့ရတယ်။ ဥပမာ-ဖက်ဆစ်စနစ်ရဲ့ ဆိုးကျိုးကိုသိချင်ရင် မြန်မာနိုင်ငံမှာဆို ဘာဆိုတဲ့ဝတ္ထုစာအုပ်ရှိတယ်။ ဖတ်ကြည့်ပါ။ ဒါဖြစ်ရပ်မှန်တွေကို ရေးသားထားတာ၊ ဖြစ်ရပ်မှန်တွေနဲ့ သမိုင်းကြောင်းကြီးကို အခြေခံပြီးရေးသားထားတာပါ။ ဒီလိုပဲ ကျွန်တော်တို့ အိမ်နီးနားချင်း တရုတ်နိုင်ငံမှာဆိုလည်း နမ့်နင်းလူသတ်မှုတို့ ရှိခဲ့တယ်။ ဒီလိုပဲ အရှေ့ဥရောပထဲပါတဲ့ ရုရှားဟာဆိုလည်း အရှေ့ဥရောပမှာ ဒီနာဇီစနစ်ကို အဓိကထားပြီးတော့ တိုက်ခိုက်ခဲ့တဲ့နိုင်ငံပေါ့။ သူ့ရဲ့ လူဦးရေ ၂၆ သန်းလောက် အသက်ပေးသွားရတာ ရှိတယ်။ ၂၆ သန်းဆိုတဲ့ လူဦးရေဟာ ခုခေတ်လူဦးရေနဲ့ ချိန်ဆကြည့်မယ်ဆိုရင်တောင် အတော်များတဲ့ လူဦးရေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့က အောင်ပွဲလုပ်ကြတာဖြစ်တယ်။ ဒါက ယခင်က အတိတ်သမိုင်းကြောင်း ဖြစ်ပါတယ်။ အခုခေတ် သမိုင်းကြောင်းကိုကြည့်မယ်ဆိုလျှင် ကျွန်တော်တို့ ခဏခဏပြောနေတဲ့ ခေတ်သစ်ကိုလိုနီဝါဒရှိမယ်။ ခေတ်သစ်မှာ စီးပွားရေးလက်ဝါးကြီးအုပ်မှုတွေ ရှိတယ်။ ခေတ်သစ်မှာ နိုင်ငံကြီးတွေက နိုင်ငံငယ်တွေအပေါ်မှာ လွှမ်းမိုးလိုတဲ့ဆန္ဒတွေ အမြဲရှိပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့က ပူးပေါင်းပြီးတော့ တိုက်ဖျက်သွားရမယ်။ ပူးပေါင်းပြီးတော့ ဆန့်ကျင်သွားရမှာဖြစ်တယ်လို့ ပြောချင်တယ်။

ဒီနေရာမှာ မြန်မာ့တပ်မတော်အနေနဲ့လည်း ဒီနှစ် (၈၀)ပြည့်အခမ်းအနားမှာ ဒါ ကျွန်တော်တို့ ပထမဦးဆုံးအကြိမ်အနေနဲ့ ပါဝင်ပြီးတော့ ဆောင်ရွက်ခဲ့တယ်။ စစ်ရေးပြလျှောက်ခဲ့တယ်။ ဂုဏ်ပြုချီတက်ခဲ့တယ်။ ဒီအတွက်လည်း မြန်မာ့တပ်မတော်အနေနဲ့က နိုင်ငံတကာတပ်မတော်တွေနဲ့အညီ နံပါတ်တစ် နိုင်ငံတကာတပ်မတော်တွေနဲ့ အညီမြန်မာ့တပ်မတော်သည် ဒါရင်ပေါင်တန်းနိုင်တဲ့ တပ်မတော်တစ်ရပ်ဖြစ်တယ်။ နံပါတ်နှစ် မြန်မာ့တပ်မတော်သည် နိုင်ငံတကာတပ်မတော်တွေနဲ့ အတူ အဆင့်မီဆောင်ရွက်နိုင်တဲ့ တပ်မတော်ရှိတယ်ဆိုတာ ထင်ထင်ရှားရှား ပြသတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယခင်ကတည်းက ပြောခဲ့တယ်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုတဲ့စကားကို ပြောခဲ့တယ်။ ဒါကို တချို့သော တပ်မတော်မှေးမှိန်အောင် လုပ်ချင်တဲ့သူတွေက ဆန့်ကျင်ဘက်စကားတွေ ပြောကြတာပေါ့ဗျာ။ သို့သော် ခုခေတ်မှာကြည့်လိုက်ပါ။ မိမိရဲ့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ မိမိတိုင်းပြည်ရဲ့ ဂုဏ်ကျက်သရေရှိရေးပေါ့နော်။ ဒီအတွက် ကာကွယ်ရေးအင်အားတောင့်တင်းဖို့ လိုတယ်။ တပ်မတော်အင်အားတောင့်တင်းဖို့ လိုတယ်။ မိမိရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့ဆိုရင် ရိုသေခန့်ညားလောက်တဲ့ ကာကွယ်ရေးအင်အားစုရှိဖို့လိုပါတယ်။ ဒါတွေကို ကျွန်တော်တို့ တစ်နိုင်ငံလုံး တစ်နိုင်ငံသားလုံးကသိရှိဖို့ သဘောပေါက်ဖို့၊ ဂုဏ်ယူဖို့လိုတယ်။ ဒါတွေကို ကျွန်တော်တို့ ဖော်ဆောင်ဖို့လိုတယ်။ ဖော်ဆောင်နိုင်အောင်လည်း အခွင့်အရေးရခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

တရုတ်နိုင်ငံသမ္မတကြီးနဲ့ တွေ့ဆုံတဲ့အခါမှာပေါ့။ မြန်မာနိုင်ငံအတွက် အချက်သုံးချက်ပဲ ပြောလိုတယ်။ နံပါတ်တစ်အချက်ကတော့ မြန်မာ့ရဲ့အချုပ်အခြာအာဏာ၊ ဖွံ့ဖြိုးတိုးတက်မှု ဒါတွေကို တရုတ်နိုင်ငံအနေနဲ့ အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံဘက်က ရပ်တည်ထောက်ခံလျက်ရှိတယ်။ နံပါတ်နှစ်အနေနဲ့က ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေးပေါ့။ တရုတ်သည် သူများ၏ ပြည်တွင်းရေးမှာ ဝင်ရောက်မစွက်ဖက်ရေးမူဝါဒကို လက်ခံကျင့်သုံးလျက်ရှိတယ်။

ဒါ့အပြင် ကျွန်တော်တို့နှစ်နိုင်ငံလုံးက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို လက်ခံကျင့်သုံးလျက်ရှိတယ်။ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး သူ့ရဲ့အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တယ်။ သူ့ရဲ့အနောက်ဘက် ထွက်ပေါက်တစ်ခုဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ကောင်းတဲ့ဘက်က ရှုမြင်ပြီးတော့၊ ကောင်းတဲ့ဘက်က မျှော်မှန်းပြီး မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးကိုဆောင်ရွက်ပေးလျက်ရှိတယ်။ ဒါတွေကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမယ်ဆိုတာမျိုးရခဲ့တယ်။ နံပါတ်သုံးအချက်ကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲပေါ့။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့ပြီးသား။ ဒီနှစ် နှစ်ကုန်ပိုင်းမှာ ကျင်းပပေးမှာဖြစ်တယ်။ တရုတ်နိုင်ငံအနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်သွားမယ့်ဟာတွေနဲ့ ပတ်သက်ပြီးတော့ ထောက်ခံအားပေးတာကို တွေ့ရတယ်။ ကျွန်တော့်အနေနဲ့သတင်းကောင်းပါးလိုတာကတော့ မြန်မာပြည်သူလူထု ယခင်ကတည်းက လိုလားတောင့်တခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာသည် ယခင်ကတည်းကတိုင် တပ်မတော်ရဲ့ဖော်ဆောင်မှုနဲ့ ကျွန်တော်တို့ရရှိခဲ့တယ်။ မဲလိမ် မဲခိုးမှုတွေကြောင့် တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်ကို ရယူခဲ့တယ်။ ခုချိန်မှာတော့ မြန်မာပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ကြောင်း သတင်းကောင်းပါးလိုပါတယ်။

အဓိကပထမဦးဆုံးအပိုင်းပြောချင်တာကတော့ နိုင်ငံရေးပါတီတွေရဲ့အပိုင်းပေါ့။ နိုင်ငံရေးပါတီတွေရဲ့ အပိုင်းမှာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်ရမှာရှိတယ်။ ပြီးရင် ပြည်သူလူထုကိုအသိပေး ပညာပေးရမှာရှိတယ်။ ဒါတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ ကျွန်တော့်အနေနဲ့ နံပါတ်တစ်ပြောလိုတယ်။ နံပါတ်နှစ်ကတော့ ကျွန်တော်တို့ ပြည်သူလူထုရဲ့ အပိုင်းပါ။ ပြည်သူလူထုရဲ့အပိုင်းမှာ ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ကို အလိုရှိတယ်လို့ ပြောပြီးပြီ။ ပါတီစုံဒီမိုကရေစီစနစ်ကိုအလိုရှိရင် ငြိမ်းချမ်းစွာ တရားမျှတရေး ရွေးကောက်ပွဲကျင်းပနိုင်ဖို့က အခြေခံလိုအပ်ချက်ဖြစ်တယ်။ ဒီရွေးကောက်ပွဲကို ငြိမ်းချမ်းစွာကျင်းပနိုင်ဖို့အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါ။ ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အကြမ်းဖက်ဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြပါလို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ဒီရုရှားနဲ့ မြန်မာရဲ့ ဆက်ဆံရေးက ကြာပါပြီ၊ ခိုင်မြဲတဲ့ဆက်ဆံရေးဖြစ်တယ်။ ပထမဦးဆုံးဆက်ဆံရေးကတော့ တပ်မတော်အချင်းချင်း ဆက်ဆံရေးကနေ စခဲ့တာပေါ့။ ယခင်တပ်မတော် အစိုးရလက်ထက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကတည်းကနေ စခဲ့တာဖြစ်ပါတယ်။အခုအချိန်မှာတော့ ဒီရုရှားနဲ့ မြန်မာရဲ့ ဆက်ဆံရေးဟာ တပ်မတော်နယ်ပယ်တင်မကဘဲနဲ့ ကဏ္ဍပေါင်းစုံမှာပါ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တယ်။ ဆက်လက်ပြီးလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ဒီရုရှားကို ရောက်တဲ့အခါမှာ ကျွန်တော်တို့ မြန်မာတွေရောက်တဲ့အခါမှာပေါ့နော်။ ဒီအစိုးရတွေ ကျွန်တော်တို့ အစိုးရအချင်းချင်းတို့၊ တပ်မတော်အချင်းချင်းတော့ ကျွန်တော် မပြောသေးဘူး။ ပြည်သူအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေးပေါ့။ ရုရှားပြည်သူတွေရဲ့ မြန်မာပြည်သူလူထုအပေါ်မှာအမြင်၊ မြန်မာပြည်သူတွေရဲ့ ရုရှားပြည်သူလူထုအပေါ်မှာအမြင်ဟာ တိုးတက်ခိုင်မာနေတယ်လို့မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ လိုလိုလားလားရှိတယ်လို့ မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်ဂုဏ်ယူပါတယ်။ ဒီနိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်မှာ နှစ်(၈၀)ပြည့် ရုရှားရဲ့ မဟာမျိုးချစ်အောင်ပွဲ၊ အဲ့ဒီမှာ ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်တွေ တော်တော်များများတက်ကြတယ်။ နိုင်ငံခေါင်းဆောင်တွေ တော်တော်များများ တက်ကြတဲ့အခါမှာ ဒီမြန်မာနိုင်ငံ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ဒီခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့တယ်။ တွေ့ဆုံခဲ့ပြီး စကားပြောခဲ့တယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေကို ပိုမိုနားလည်သဘောပေါက်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ဖြစ်ရပ်မှန်တွေနဲ့ပတ်သက်ပြီး ပြောပြနိုင်ခဲ့တယ်။ ရှင်းရှင်းပြောရရင်တော့ မြန်မာကို ကမ္ဘာက နိုင်ငံတကာက ပိုမိုနားလည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ နဝမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၂)ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ကြံ့တိုင်းအောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)တွင် နဝမအကြိမ်ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့ ညနေ ၄ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားမှူး ဒေါ်ဌေးဌေးအေးက ကဆုန်ညောင်ရေသွန်းပွဲတော် ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံသည့် ကဆုန်လမြတ်ဖြစ်ပေါ်လာပုံကို နှုတ်သားနှစ်ပါးက အမေး/အဖြေ ပြုလုပ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့်အဖွဲ့ဝင်များ၊ ဘုရားဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဝတ်အသင်းများ၊ မြို့နယ်အိမ်ခြံမြေအကျိုးဆောင်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ကြံ့တိုင်းအောင်ဆုတောင်းပြည့်စေတီတော်ကြီးအား ၂၄ ပစ္စည်းပဋ္ဌာန်းအကျဉ်း ရွတ်ဆို၍ လက်ယာရစ် သုံးကြိမ်လှည့်လည်ပူဇော်ကန်တော့ကြပြီး မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲကို ဆောင်ရွက်ကြရာ ငါးအကောင်ရေ ၁၅၀၀ အား လွှတ်ပေးခဲ့သည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့ လောကမာရ်အောင်စေတီတော်မြတ်ကြီး၌ ကဆုန်လပြည့် (ဗုဒ္ဓနေ့)နှင့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

**မြစ်ကြီးနား မေ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရှေးဟောင်းသမိုင်းဝင် လောကမာရ်အောင်စေတီတော်မြတ်ကြီး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့် (ဗုဒ္ဓနေ့) အခမ်းအနားနှင့် မဟာဗောဓိညောင်ပင်တော်ကြီးအား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

ဦးစွာ ကဆုန်လပြည့် (ဗုဒ္ဓနေ့)အခမ်းအနားကို စေတီတော်ပရိဝုဏ်၌ ကျင်းပရာ အောင်နန်းမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်ရှင်သူမြတ်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ပြည်နယ်သံဃနာယက အကျိုးဆောင်၊ ဝန်းသိုကျောင်းတိုက်ဆရာတော်ထံမှ ဗုဒ္ဓနေ့နှင့် ကဆုန်ညောင်ရေသွန်းပွဲနှင့် စပ်လျဉ်း၍ ဩဝါဒအနုမောဒနာ တရားတော်များ နာယူခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက သာသနာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြပြီး ဝတ်အသင်းအဖွဲ့များက ကဆုန်လပြည့်ဗုဒ္ဓနေ့ ရှစ်လုံးဘွဲ့ကဗျာကို ညီညာစွာရွတ်ဖတ်ပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်၌ ညောင်ရေသွန်းပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့



များ၊ ဒေသခံပြည်သူများက ဒိုးပတ်တီးဝိုင်းတို့ဖြင့် ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြပြီး ညောင်ရေသွန်းလောင်းပွဲသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲနှင့် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း

**တောင်ကြီး မေ ၁၁**

ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)တွင် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်းနှင့် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခြင်းကို ယနေ့က တောင်ကြီးမြို့ စူဠာမုနိ လောကချမ်းသာ စေတီတော်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ကြီးမြို့ပေါ်ရှိ ဆရာတော်သံဃာတော် ၁၀၈ ပါးအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊



ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပေးကြသည်။

ထို့နောက် ဆရာတော်၊သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ် ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ဆရာတော်၊ သံဃာတော် ၁၀၈ ပါးကို စူဠာမုနိလောကချမ်းသာ စေတီတော်ရင်ပြင်တွင် ဆွမ်းဆန်စိမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပေးကြပြီး စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီးရှိ ဗောဓိညောင်ခြေပလ္လင်ဗွေ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ပေးကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်ရှိ ဝဋ္ဋကြွေးကြေဆုတောင်းပြည့်စေတီတော် ထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေး၍ ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးကြပြီး ဆရာတော်၊ သံဃာတော်ကြီးများက ဘုရားအနေကဇာတင် ပူဇော်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ထားဝယ်မြို့ လောကမာရ်ဇိန်ဘုရားကြီး၌ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲကျင်းပ

**ထားဝယ် မေ ၁၁**

ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲကို ယနေ့ နံနက် ၇ နာရီက ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရ်ဇိန် ဘုရားကြီး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လောကမာရ်ဇိန်ဘုရားကြီးဝင်းအတွင်း ကိန်းဝပ်စံပယ်တော်မူနေသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီးမီးကပ်လှူပူဇော်ပြီး ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထိမ်းအမှတ်အဖြစ် အလှူတော် ငွေကျပ် ၅၀၀၀၀၀ ကို လှူဒါန်းရာ ဘုရားကြီးဂေါပကအဖွဲ့က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက မဟာဗောဓိပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘုရားကြီးဝင်းအတွင်း ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များက စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပုသိမ်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး



**ပုသိမ် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ရွာသစ်ကျေးရွာ၌ ကွင်းဆင်းထုတ်ချေးခဲ့သည်။

ဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါက ရွာသစ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၂၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ နှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသားအသင်းသူ ၇၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၅၂၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## ကျိုင်းတုံမြို့၌ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ၏ သက်တော်(၁၀၀)ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကျင်းပ

**ကျိုင်းတုံ မေ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျိုင်းယင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ၏ သက်တော်(၁၀၀)ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကို ယမန်နေ့က ကျိုင်းယင်းကျောင်းတိုက်တွင် ကျင်းပရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ လာရောက်ဖူးမြော်ကြသည်။

ဦးစွာ တိုင်းမှူး၊ ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တက်ရောက်လာကြသူများက သာသနာ့ ဝေပုလ္လ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ သက်တော်ရှည် ကျိုင်းယင်း ကျောင်းတိုက်ဆရာ တော်ကြီးထံ ပေးပို့လာသော မွေးနေ့ အနုမောဒနာ သဝဏ်လွှာများ ဖတ်ကြားကြပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိဖတ်ကြား ပူဇော်သည်။

ထို့နောက် သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက် ဆရာ တော်ကြီးအား ကံထပ်ပရိတ် တရားတော်များဖြင့် ပူဇော်ကြပြီး တိုင်းမှူးအမှူးပြုသော ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ကြီး၊ ဝစီပိတ်ဆရာ တော်ကြီးနှင့် ဆရာတော်ကြီးများ အား လှူဖွယ်ပစ္စည်းများနှင့် ဆက်ကပ်လှူဒါန်းသည်။



ဆက်လက်၍ တိုင်းမှူး နှင့် တက်ရောက်လာကြသူများက သက်တော်ရှည် ဆရာတော်ကြီး အား သက်တော်ရာကျော်ရှည်ပါ စေကြောင်း ဆုတောင်း၍ ကန်တော့တောင်းပန်ကာ ရတနာ တော်မြတ်သုံးပါးအား ရှိခိုး ကန်တော့ကြသည်။ ထို့နောက် သက်တော်ရှည် ဆရာတော်ကြီး အား တိုင်းမှူးနှင့် တာဝန်ရှိသူ များက နေ့ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်များအား နေ့လယ်စာ ဖြင့် ကျွေးမွေးခဲ့သည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပ

**ကော့သောင်း မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲကို ယနေ့ နံနက်ပိုင်းက ကော့သောင်းမြို့ ပြည်တော်အေး စေတီတော်၌ ကျင်းပသည်။

**ရေသပ္ပာယ်ပူဇော်**

ညောင်ရေသွန်းလောင်းပွဲတွင် တိုင်းဒေသ ကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ များနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဧည့်ပရိသတ်အပေါင်းတို့က ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ပြည်တော်အေးစေတီ တော်အား လက်ယာရစ် သုံးပတ် လှည့်လည်




ပူဇော်ပြီး ပြည်တော်အေးစေတီတော်ရှိ ဗောဓိ ညောင်ပင်တွင် ညောင်ရေသွန်းလောင်း၍ ဗုဒ္ဓ ရုပ်ပွားတော်များအား ရေသပ္ပာယ်ပူဇော်ခဲ့ကြ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်းလှမြို့နယ် ကျေးရွာသစ်လှူပ်ရှားမှုစီမံကိန်း ဝင်ငွေတိုးတက်ရေးကဏ္ဍအတွက် ချေးငွေပေးအပ်

**အထက်မင်းလှ မေ ၁၁**

မကွေးတိုင်းဒေသကြီး မင်းလှ မြို့နယ် ပန်းတော်ပြင်ကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ကျေးရွာသစ်လှူပ်ရှားမှု စီမံကိန်း (SMU) ဝင်ငွေတိုးပွားရေးကဏ္ဍ အတွက် ချေးငွေပေးအပ်ပွဲ အခမ်း အနားကို ယမန်နေ့က ပန်းတော် ပြင်ကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်း ထွန်းအောင်က အမှာစကား ပြောကြားပြီး ပန်းတော်ပြင် ကျေးရွာမှ ကျေးရွာသစ်လှူပ်ရှားမှု စီမံကိန်းဥက္ကဋ္ဌ ဦးကျော်ဝဏ္ဏထွန်း က ကျေးရွာသစ် လှူပ်ရှားမှု စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထား ရှိမှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးသိန်းက ကျေးရွာ သစ်လှူပ်ရှားမှု စီမံကိန်းနှင့် ပတ်သက်၍ ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး ကဏ္ဍတွင် တောင်သူ ၆၂ ဦးကို ငွေကျပ် ၁၈၆ သိန်း၊ မွေးမြူရေး ကဏ္ဍတွင် တောင်သူ ၂၉ ဦးကို ငွေကျပ် ၅၈ သိန်း၊ အရောင်းအဝယ် ကဏ္ဍတွင် တောင်သူ ၂၉ ဦးအား ငွေကျပ် ၄၃ ဒသမ ၅ သိန်း စုစု ပေါင်း ငွေကျပ် ၂၈၇ ဒသမ ၅ သိန်း ကို တာဝန်ရှိသူများက ဒေသခံ တောင်သူများထံ ပေးအပ်ခဲ့ ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## ချောင်းသာမြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

**ချောင်းသာ မေ ၁၁**

ချောင်းသာမြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်း လောင်းပူဇော်ပွဲကို ယနေ့ညနေ ၅ နာရီက ဒေါနတောင် ကျောင်းတိုက် အတွင်းရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ဒေါနတောင်ကျောင်းတိုက်ဆရာတော် အရှင်သူမြတ်၏ သြဝါဒကိုခံယူ၍ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်သော မြို့အဆင့်ဌာနဆိုင်ရာများ၊ မြို့ဒေသခံ ပြည်သူများနှင့် ရပ်နီးရပ်ဝေးအလှူရှင်များက ညောင်ရေသွန်းလောင်း မည့် အမွှေးနံ့သာရည်ငွေဖလား၊ ညောင်ရေအိုးများကို ကိုင်ဆောင်ကာ မဟာဗောဓိညောင်ပင်ကို လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်၍ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြသည်။

**ချောင်းသာ(ပြန်/ဆက်)**



## မြစိမ်းရောင်တောင်တော်၌ ဘုရားအနေကဇာတင်ပွဲကျင်းပ

**မြောင်းမြ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် အလိုတော်ပြည့်ဘုရားရုပ်ပွားတော် ၁၃ ဆူအား အနေကဇာတင်ပွဲအခမ်း အနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် အလှူရှင်မိသားစုတို့က စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တို့အား ဆရာတော်အရှင်သူမြတ်များထံသို့ ဆက်ကပ်ခဲ့ပြီး မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် ပူဇော်ခဲ့ သည်။ ဆက်လက်၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား လက်ဆင့်ကမ်း ဆက်ကပ်ပူဇော်ခဲ့ပြီး ဆရာတော်အရှင်သူမြတ်များ က ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များနာယူ၍ ရှစ်ပါးသီလ ခံယူဆောက်တည်ကာ ကုသိုလ် ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေပြီး အလို တော်ပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ် ၁၃ ဆူအား ဗုဒ္ဓါဘိသေကဘုရား အနေကဇာတင်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



မေ ၁၁ ရက်(ကဆုန်လပြည့်နေ့)တွင် စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ကဆုန်ညောင်ရေ သွန်းလောင်းကြစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)



သန်လျင်မြို့နယ် (၇၈) ကြိမ်မြောက် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အခမ်း အနားကို မေ ၁၁ ရက်က သာသနာ့ဗိမာန်တော်ကြီး၌ ပြုလုပ်ရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ လှည့်လည်ပြီး ဗိမာန်ဝင်းအတွင်းရှိ မဟာဗောဓိပင်၌ ညောင်ရေသွန်းလောင်းပူဇော် ကြစဉ်။ သန်းဝင်း(သန်လျင်)



# လျှော်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ ဖျော်ဖြေမှုဒုတိယနေ့ ကြည့်ရှုအားပေးသူများဖြင့် စည်ကား

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြောင့် ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေ ပဒေသာကပွဲ ဖျော်ဖြေမှု ဒုတိယနေ့အစီအစဉ်အဖြစ် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီးတွင် ယနေ့ညပိုင်းက ဆက်လက်ဖျော်ဖြေတင်ဆက်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြပြီး ကြည့်ရှုအားပေးသူများဖြင့် စည်ကားခဲ့သည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးက ယနေ့ဖျော်ဖြေတင်ဆက်မှုတွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ငလျင်လှုပ်ခတ်မှု ဖြစ်စဉ်၊ ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီမှုနှင့် ပြန်လည်ထူထောင်ရေး မှတ်တမ်းဗီဒီယိုကိုပြသပြီး ထိုဖြစ်စဉ်တွင် ထိခိုက်သေဆုံးခဲ့သူများအား ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာ ပို့သသည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များ လှူဒါန်းသော အလှူငွေများကို မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဖျော်ဖြေရေး အစီအစဉ်တွင် Plus Three Band Immortal Band ပူးပေါင်း တင်ဆက်မှုဖြင့် ပူစူးမ၊ ဆိုင်းစံ၊ မီးနို၊ ဘိုဘိုဟန်၊ ခင်မောင်ထူး၊ နွဲ့ယဉ်ဝင်း၊ နီနီခင်ဇော်၊ လွှမ်းပိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မျိုးကျော့မြိုင်၊ မေခလာ၊ ဟဲလေး၊ အိုင်းရစ် ဇင်မာမြင့်၊ ကိုင်ဇာ၊ စည်သူလွင်၊




ချမ်းမြေ့မောင်ချို၊ ဇော်ပိုင်၊ အယ်လ်ဆိုင်းဇီနှင့် ဝေလတို့က မြူးကြွသွက်လက်သော တေး ပရိသတ်များက တေးသီချင်းနှင့် သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ ကြည့်ရှုအားပေးကြသည့် အတူ စီးမျောလိုက်ပါသီဆိုခြင်းဖြင့် ဂီတဖျော်ဖြေပွဲသည် အထူးစည်ကားခဲ့သည်။ **သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၁၁**

ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင်သည် ၂၀၂၅ ခုနှစ် မေ ၇ ရက်တွင် တာဝန်ကျနေရာမှ အကြောင်းမဲ့ ပျက်ကွက်လျက်ရှိကြောင်း သိရှိရသဖြင့် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

စိစစ်ချက်များအရ ဒေါ်ဝင်းဝင်းအောင်သည် ငလျင်ဘေးဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား အနီးကပ်သင်ကြားပို့ချပေးနိုင်ရေးအတွက် မေ ၁ ရက်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ အခြားနည်းပြများနှင့်အတူ မိတ္ထီလာတက္ကသိုလ်သို့ ရောက်ရှိလာခဲ့ပြီး မေ ၂ ရက်မှ စတင်၍ အထက(၂) ပျော်ဘွယ်၌ သင်ကြားပို့ချမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။



ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါ်ဝင်းဝင်းအောင်အား တွေ့ရစဉ်။

မေ ၇ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် ဒေါ်ဝင်းဝင်းအောင်သည် မိတ္ထီလာတက္ကသိုလ်မှ ပျော်ဘွယ်မြို့သို့ မထွက်ခွာမီ ၎င်း၏မိတ်ဆွေများနှင့် တွေ့ဆုံရန်ဟူသော အကြောင်းပြချက်ဖြင့် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဒေါ်မူမူအေးထံ ဖုန်းဖြင့်ခွင့်တိုင်ကြားခဲ့သော်လည်း ပုံမှန်သင်တန်းဆင်းချိန်အထိ တာဝန်ကျနေရာသို့ ရောက်ရှိလာခြင်းမရှိဘဲ အကြောင်းမဲ့ပျက်ကွက်ခဲ့ကြောင်း၊ ထို့နောက် တာဝန်ရှိသူများက ဒေါ်ဝင်းဝင်းအောင်ထံ ဆက်သွယ်သော်လည်း တစ်စုံတစ်ရာ ဆက်သွယ်မှုမရရှိခဲ့ဘဲ ည ၉ နာရီခွဲတွင် ဒေါ်ဝင်းဝင်းအောင်၏




ဒေါ်ဝင်းဝင်းအောင် မိတ္ထီလာတက္ကသိုလ် အမှတ်(၁)ဂိတ်မှ ထွက်ခွာသွားမှုအား စီစီတီဗွီမှတ်တမ်းတွင် တွေ့ရစဉ်။

သားဖြစ်သူ မောင်ရဲလင်းမြတ်ဟိန်း၏ gmail သို့ အကြမ်းဖက်အဖွဲ့အစည်းများ အသုံးပြုသည့် hanhninsu41@gmail.com မှ “Your Mon Condition is ok. After Little Checking, and will free” ဟုပေးပို့လာခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ကြောင့် ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့် ပတ်သက်၍ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိတ္ထီလာတက္ကသိုလ်ရှိ စီစီတီဗွီမှတ်တမ်းများအရ ဒေါ်ဝင်းဝင်းအောင်သည် နံနက် ၅ နာရီ ၄၇ မိနစ်တွင် ၎င်းနေထိုင်သည့် မိတ္ထီလာတက္ကသိုလ်၊ ကံ့ကော်ဆောင်မှ ၎င်းပိုင်အသုံးဆောင်ပစ္စည်းများပါရှိသည့် အိတ်အသေးတစ်လုံးနှင့်အတူ တက္ကသိုလ် အမှတ်(၁)ဂိတ်မှ ထွက်ခွာသွားခဲ့ကြောင်း၊ ထို့နောက် မိတ္ထီလာတက္ကသိုလ်အနီးရှိ အရဏ်ဦး လက်ဖက်ရည်ဆိုင်၌ တစ်ဦးတည်း နံနက်စာစားသုံးခဲ့ပြီး ၇ နာရီခန့်တွင် လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်ရှိလာသော ယာဉ်အမှတ် (စိစစ်ဆဲ) Toyota Passo(ခဲရောင်) မော်တော်ယာဉ်ပေါ်သို့ ၎င်း၏ သဘောဆန္ဒဖြင့် လိုက်ပါသွားခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။


ဒေါ်ဝင်းဝင်းအောင်သည် ရခိုင်ပြည်နယ် စစ်တွေမြို့၌ မွေးဖွားခဲ့သည့် ရခိုင်လူမျိုးတစ်ဦးဖြစ်ပြီး သူငယ်တန်းမှ ဘွဲ့ရရှိသည်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပညာသင်ကြားခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်များ၌ နည်းပြ ဆရာမအဖြစ် တာဝန်မထမ်းဆောင်မီ ကာလများတွင်လည်း စစ်တွေမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်းအချို့တွင် မူလတန်းပြ၊ အလယ်တန်းပြ ရာထူးများဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း စိစစ်တွေ့ရှိရသည်။

သတင်းစုံစမ်းဖော်ထုတ်ချက်များအရ ဒေါ်ဝင်းဝင်းအောင်သည် ၎င်းပျောက်ဆုံးဖြစ်စဉ် ကာလမတိုင်မီ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ကြိုတင်ကြံစည်ဆက်သွယ်မှုများရယူခဲ့ပြီး မေ ၇ ရက်တွင် ဆားလင်းကြီး PDF အကြမ်းဖက်အဖွဲ့မှ ဇေယျာမင်းဌေး၏ ချိတ်ဆက်ကူညီမှုဖြင့် မိတ္ထီလာမြို့မှ ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာသို့ သွားရောက်ခဲ့ပြီး ၎င်းမှတစ်ဆင့် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဇော်အေးထွန်းထံသို့ ဆက်လက်သွားရောက်၍ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အခြေပြုရာ နယ်မြေအတွင်းရှိ ပညာရေးဆိုင်ရာလုပ်ငန်းများ၌ ပူးပေါင်းကူညီနိုင်ရေးအတွက် ကြိုတင် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ အကြမ်းဖက် အဖွဲ့အစည်းများအနေဖြင့် ငလျင်ဘေးဒဏ်ကြောင့် တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုရန် အင်တိုက်အားတိုက် ကြိုးပမ်းပြင်ဆင်နေကြသည့် မိဘဆရာများ၊ ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေရန်အတွက်လည်းကောင်း၊ သင်ကြားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဆရာ ဆရာမများအား အကြောက်တရားဖြင့် ခြိမ်းခြောက် လွှမ်းမိုးနိုင်ရေးအတွက်လည်းကောင်း ရည်ရွယ်၍ ဒေါ်ဝင်းဝင်းအောင်နှင့် ချိတ်ဆက်ကာ သတင်းအမှားများ ထုတ်လွှင့်ဝါဒဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ပြင် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများကလည်း အစိုးရ၏ အုပ်ချုပ်မှုယန္တရား ယိုယွင်းစေပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်ပေါ်စေရန်အတွက် ဖြစ်စဉ်အမှန်ကိုဖုံးကွယ်၍ မဟုတ်မမှန်လုပ်ကြံ သတင်းအမှားများကို လိမ်လည်ရေးသား ထုတ်လွှင့်ဖြန့်ချိလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

အကြမ်းဖက် အဖွဲ့အစည်းများသည် တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားလိုသည့် ကျောင်းသားကျောင်းသူများအား အနှောင့်အယှက်ဖြစ်ပေါ်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံ့ဝန်ထမ်းဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာဆရာမများကိုလည်း ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရေး နည်းလမ်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ စည်းရုံးသိမ်းသွင်းမှု မခံရစေရေး အထူးသတိပြုကြရန်နှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးပို့ စေလိုကြောင်း သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**




hanhninsu41@gmail အကောင့်ဖြင့် ဒေါ်ဝင်းဝင်းအောင်၏ သားဖြစ်သူ မောင်ရဲလင်းမြတ်ဟိန်း၏ fk28643333@gmail သို့ ဆက်သွယ်လာမှုအား တွေ့ရစဉ်။

## ညောင်လေးပင်မြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲအခမ်းအနား ကျင်းပ

**ညောင်လေးပင် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ညောင်ရေသွန်းလောင်းပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီက မဟာတိလောကသယမ္ဘူ ဘုရားကြီး ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ပထမအကြိမ် ကျင်းပသော ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘုန်းတော်ကြီးကျောင်း ၃၈ ကျောင်းမှ ပင့်သံဃာများနှင့် ကမ္မဋ္ဌာန်းသီလရှင်ကျောင်းမှ ဆရာကြီး ဆရာလေး စုစုပေါင်း ၂၉၁ ပါးတို့က ညနေ ၃ နာရီမှ စတင်၍ ဖအောင်းကျောင်းတိုက်မှ မဟာတိလောကသယမ္ဘူ ဘုရားကြီး ကျောင်းဝင်းအတွင်းသို့ အလှူခံစတင်ထွက်ကြွရာ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ



တာဝန်ရှိသူများ၊ အလှူရှင်များက မိမိတို့သတ်မှတ်ထားသောနေရာတို့တွင် စုစုပေါင်းတန်ဖိုးငွေ ကျပ်သိန်းပေါင်း ၁၀၅၀ တန်ဖိုးရှိ ဆွမ်းဆန်စိမ်း၊ ဝတ္ထုငွေနှင့် အခြားလှူဖွယ်ပစ္စည်းများကို စုပေါင်းလောင်းလှူကြသည်။

**နီနီဝင်း(ပြန်/ဆက်)**

## ရန်ကင်းမြို့နယ်၌ ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် မေ ၁၁**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) တွင် နှစ်စဉ်မပျက် ကျင်းပကြသည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်မိုးကောင်းဆုတောင်းပြည့် စေတီတော် ဂေါပကဥက္ကဋ္ဌ ဦးချိုလေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်တို့မှကြီးမှူး၍ ယနေ့ညနေ ၃ နာရီတွင် ရန်ကင်းမြို့နယ် ၁၄ ရပ်ကွက်ရှိ မြို့နယ်ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့် စေတီတော်ဝင်းအတွင်း၌ ကျင်းပကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဖွင့်လှစ်ပြီး မိုးကောင်းဆုတောင်းပြည့်စေတီတော်ဂေါပကဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော် မူကြပြီး မဟာဗောဓိ ညောင်ပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြကြောင်းနှင့် ညောင်ရေသွန်းပွဲသို့ တက်ရောက်လာကြသူများနှင့် ဘုရားဖူး လာရောက်ကြသူများအား စတုဒိသာအာဟာရတို့ဖြင့် ဧည့်ခံလှူဒါန်းကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## သာစည်မြို့၌ သံဃာတော် ၁၀၈ ပါးအား ဆွမ်း၊လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများလောင်းလှူ

**သာစည် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သံဃာတော် ၁၀၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ပွဲ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကို ယနေ့နံနက်က အမှတ်(၆) ရပ်ကွက် သာယာကုန်းကျောင်းတိုက်၌ ပြုလုပ်ကြောင်း သိရသည်။

ဦးစွာ နံနက် ၅ နာရီခွဲတွင် သံဃာတော် ၁၀၈ ပါးတို့အား ကြာဆံဟင်းခါးဖြင့် အရုဏ်ဆွမ်းဆက်ကပ်ပြီး နံနက် ၆ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များက ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အလှူရှင်များကဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြသည်။ ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သာယာကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညဓဇ



ထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့ကို ရေစက်ချအမျှပေးဝေသည်။

ထို့နောက် နံနက် ၈ နာရီခွဲတွင် အမှတ်(၄)ရပ်ကွက် ရတနာမာန်အောင် ဘုရားဝင်းအတွင်းရှိဗောဓိညောင်ပင်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများစုပေါင်း၍ ကဆုန်ညောင်ရေသွန်းလောင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



**ညောင်တုန်း မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဘုရား၊ စေတီပုထိုးများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ညောင်တုန်း မြို့နယ်၌ ကဆုန် ညောင်ရေသွန်းပွဲတော်သည် အစဉ်အလာမပျက် နှစ်စဉ်ပြုလုပ်သည့် ဘာသာရေးပွဲတော်ဖြစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘုရားဖူးပြည်သူများက ညောင်ရေသွန်းလောင်းကုသိုလ်ယူပူဇော်ခြင်း၊ စေတနာရှင်၊ အလှူရှင်များက စတုဒိသာများ ကျွေးမွေးဧည့်ခံခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**မြို့နယ်(ပြန်/ဆက်)**

## သထုံ ရွှေစာရံစေတီတော်မြတ်ကြီး၌ ပြည်သူများ စည်ကားသိုက်မြိုက်စွာ ညောင်ရေသွန်း

**သထုံ မေ ၁၁**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေ့ဖြစ်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကို စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဗောဓိညောင်ပင်၌ အစဉ်အလာမပျက် ကျင်းပရာ ပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ညောင်ရေသွန်းလောင်းခြင်း၊ ညောင်ထောက်ကုသိုလ်ယူခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ညောင်ရေသွန်းပွဲတော်တွင် နံနက်ပိုင်း၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း၊ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းပူဇော်ခြင်းကို စေတီတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်ကြီးများ၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ကဦးဆောင်၍ ကျင်းပခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်ရွတ်အဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာတို့မှ ပြည်သူတို့က ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းခြင်း၊ ညောင်ထောက်ခြင်း၊ စေတီတော်မြတ်ကြီး၌ ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကုသိုလ်ပြုဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြောင်းမြမြို့ စကြာသီဟ၊ စကြာနန္ဒစေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်း

**မြောင်းမြ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ကျက်သရေဆောင် စကြာသီဟ၊ စကြာနန္ဒစေတီတော်မြတ်ကြီး၏ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ယနေ့ညနေပိုင်းက စေတီတော်မြတ်ကြီး၏ ဗောဓိညောင်ပင်ရင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဝတ်အသင်းသူများက မဟာဗောဓိညောင်ပင်ကို လှည့်လည်ပူဇော်ကြပြီး ဗောဓိညောင်ပင်ကို အမွှေးနံ့သာရည်များဖြင့် သွန်းလောင်း ပူဇော်သည်။

ထို့နောက် ညောင်ရေသွန်းပွဲသို့ တက်ရောက်လာသူများက ဘုရားရင်ပြင်တော်ပေါ်တွင် သန့်ရှင်းရေးကုသိုလ်ဒါနပြုခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများက ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းခြင်း၊ ညောင်ထောက်ကုသိုလ်ပြုခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သုဝဏ္ဏဘူမိဝိမုတ္တိဉာဏဒဿနစေတီတော်မြတ်ကြီး၌ ညောင်ရေသွန်းပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားစွာကျင်းပ

**သထုံ မေ ၁၁**

မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ သုဝဏ္ဏဘူမိဝိမုတ္တိဉာဏဒဿနစေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၁၁ ရက် ကဆုန်လပြည့်(ဗုဒ္ဓနေ့)က အဆိုပါစေတီတော်ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ နံနက် ၇ နာရီက စေတီတော်ရင်ပြင်တော်ပေါ်၌ နာယကဆရာတော်ကြီးများနှင့် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၃၀ ခန့်မှ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၇၀ ကျော်တို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ တာဝန်ရှိသူများဦးဆောင်၍ အလှူရှင်အပေါင်းတို့က ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များကို စုပေါင်းလောင်းလှူကြသည်။

မွန်းလွဲပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်ရွတ်အဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူတို့က စေတီတော်ဝင်းအတွင်းရှိ ဗောဓိညောင်ပင်အား အသင်းအဖွဲ့အလိုက် ညောင်ရေသွန်းလောင်းခြင်း၊ စေတီတော်မြတ်ကြီး၌ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကုသိုလ်ပြုဆင်နွှဲခဲ့ကြပြီး လာရောက်ကုသိုလ်ပြုသူအပေါင်းတို့အား စတုဒိသာအာဟာရများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

သုဝဏ္ဏဘူမိဉာဏဒဿန စေတီတော်မြတ်ကြီး၏ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၅ ရက်မှ ၁၁ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များစုပေါင်းလောင်းလှူခြင်း၊ ညောင်ရေသွန်းပွဲတော် ကျင်းပခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## နိုင်ငံတစ်ဝန်း မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် မေ ၁၁**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ ညနေမှ မေ ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**


၁၂-၅-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့အတွင်း
မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့်
မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အတွင်း
မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့်
မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၆-၅-၂၀၂၅ ရက်နေ့မှ ၁၇-၅-၂၀၂၅ ရက်နေ့အတွင်း
မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့်
မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၈-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အတွင်း
မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့်
မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## ၂၀၂၅ ခုနှစ် မေလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် မေ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေ ၁၂ ရက်မှ ၁၄ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၁၅ ရက်မှ ၁၈ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေ ၁၉ ရက်မှ ၂၄ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၂ ဒီဂရီ ဖာရင်ဟိုက်မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၂ ဒီဂရီ ဖာရင်ဟိုက်မှ ၁၀၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ဒီဂရီ ဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၃၆ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၄၈ မီလီမီတာမှ ၅၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီးတွင် (ပြည့်ဝ) အခြေအနေ၊ မကွေးတိုင်းဒေသကြီးတွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

# ဇလုတ်ကြီးကျေးရွာ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းအား KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၈ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သဖြင့် လက်နက်ကြီး၊ လက်နက်ငယ် အမြောက်အမြား သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ တပ်မတော်မှ ဘာသာရေးကျောင်း၊ ဘုန်းတော်ကြီးကျောင်းများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သောကြောင့် အရပ်သားပြည်သူများ တိုက်ပွဲရှောင်နေရကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်လုပ်ကြံ၍ သတင်းအမှားများ ဖြန့်ချိဝါဒဖြန့်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ မေ ၆ ရက် ရက်စွဲဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ထားသည့် ကာလအတွင်း KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၈ ရက် နံနက် ၅ နာရီခန့်မှစ၍ ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်း ၁ ရင်းအား သာလွန်အင်အားဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများက စနစ်တကျ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ထိတွေ့တိုက်ပွဲများ မေ ၁၀ ရက်အထိ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သမားများ အနေဖြင့် ထိခိုက်ကျဆုံးမှုများပြားသော်လည်း အင်အားထပ်မံဖြည့်တင်း၍ တိုက်ခိုက်လာခြင်း၊ မိမိအရာရှိ / စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိမှု များလာခြင်းတို့ကြောင့် တပ်ရင်းဌာနချုပ်အတွင်းမှ ခေတ္တဆုတ်ခွာပေးခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ တပ်ရင်းဌာနချုပ်အတွင်း စုပြုံဝင်ရောက်ချိန်၌ တန်ပြန်လေကြောင်းပစ်ကူ၊ အမြောက်နှင့် လက်နက်ကြီးပစ်ကူများဖြင့် နည်းဗျူဟာမြောက်ပစ်ခတ်ခြင်းအား စစ်မြေပြင်ကွပ်ကဲရေးမှူးများမှ အချိန်ကိုက် စတင်ဆောင်ရွက်ခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆိုပါအကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် နေရာသို့ တပ်မတော်စစ်ကူစစ်ကြောင်းများ မူလစီစဉ်ထားရှိသည့် စစ်ကူ/ပစ်ကူစီမံချက်အတိုင်း ထပ်မံဖြည့်တင်း၍ တန်ပြန်တိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားများ အကျအဆုံးများစွာဖြင့် မေ ၁၀ ရက် ညနေပိုင်းတွင် နယ်မြေခံတပ်၏ အရှေ့ဘက်သို့ ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများ ခေတ္တဝင်ရောက် နေရာယူထားသည့် နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက မေ ၁၁ ရက် နံနက်ပိုင်းတွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့သည်။ ဖြစ်စဉ်နေရာ အနီးဝန်းကျင်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများအတွင်း၌ သောင်းကျန်းသူများ အခြေပြုနေထိုင်နိုင်ခြင်းမရှိစေရေး တပ်မတော်စစ်ကြောင်းများက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် မိမိတပ်မတော်မှ အရာရှိ/ စစ်သည်အချို့ ကျဆုံး/ ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှလည်း အလောင်းခြောက်လောင်း၊ လက်နက်ငယ်မျိုးစုံ ၁၀ လက် ၊ ကျည်အိမ်များ၊ ခဲယမ်းနှင့် ဗုံးသီးများ သိမ်းဆည်းရရှိခဲ့ပြီး တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ခေတ္တတိမ်းရှောင်နေသည့် စစ်သည်၊ ရဲမေများသည် တပ်မတော်စစ်ကြောင်းများနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့ပြီး လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အားပေးတရားမဝင်မီဒီယာများ၏ လုပ်ကြံသတင်း အမှားများအပေါ် တိုင်းရင်းသားပြည်သူများ သတိပြုနိုင်ပါရန်နှင့် ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့် ကာလအတွင်း လက်နက်ကိုင်အဖွဲ့များ အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက် တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်ရင်းတန်းစီကွင်း၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများအား တပ်ရင်းဗဟိုကင်း၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများအား တပ်ရင်းဌာနချုပ်ရုံး၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများထံမှ အလောင်းများရရှိမှု မှတ်တမ်းဓာတ်ပုံ။

# ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် ညနေ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် မန္တလေးမှ ဘားအံသို့ ကျော်ဇင်ဦး မောင်းနှင်ပြီး မမွန်မွန်ငြိမ်း လိုက်ပါလာသည့် MITSUBISHI FUSO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးဘေး ရပ်ကွက်(၄)ရှိ ကုန်လှောင်ရုံတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းကျေးရွာ ကားကြီးဝင်း အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၅၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၀၅၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၇၄၉၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့ မြွေဘုရားအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၄၆၈၄၀၁၁) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၁၉၁၅၀၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၉ ရက်တွင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဗိုလ်ရွဲလမ်း အင်ဂျင်ဝိုင်စက်ရုံဟောင်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၆၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၁၀ ရက်တွင် မြိတ်မြို့ ကျောက်ဖြူတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မြိတ်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၁၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ဝေါမြို့ မြို့ဝင်ဂိတ်အနီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေါမြို့ မြို့ဝင်ဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၁၇၅၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Kong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ အမှတ်(၂) လမ်းမကြီး လေးထောင့်ကန်ကျေးရွာ MAX ဆီဆိုင်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၉၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆၀၆၄၉၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၉၄၂၉၉)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၅၆၉၂၇၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ ၀ ဒသမ ၃၀၃ တန်၊ အခြားသစ် ၁ ဒသမ ၀၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၅၁၄)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၀၆၈၅၁၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Hilux မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၉၃၄၅၂၉၄) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အာရှလမ်းမကြီးအတိုင်း ဘားအံမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်သို့ တိမ်းမှောက်

**နေပြည်တော် မေ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ မေ ၁၀ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်မှာ မေ ၁၀ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က ဘားအံမြို့နယ် ဝဲကရင်ကျေးရွာအနီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ အိန္ဒြုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အာရှလမ်းမကြီးအတိုင်း ဘားအံမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့ ဦးဇော်လွင် မောင်းနှင်လာသည့် BGO-11 2P----HIACE ခဲရောင် မော်တော်ယာဉ်သည် အာရှလမ်းမကြီး ကီလိုမီတာမိုင်တိုင်အမှတ် ၈၇ နှင့် ၈၈ ကြားအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းမကြီးဝဲဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ဦးဇော်လွင်နှင့် ယာဉ်ပေါ်ပါ ခရီးသည်များဖြစ်သည့် ကျိုက်ထိုမြို့နယ် ခလွန်ကျေးရွာနေ ဦးမျိုးလွင် (၄၇)နှစ်၊ ကင်းမွန်းချောင်း ကျေးရွာနေ မစုမွန်ကျော်(၂၂) နှစ်၊ ကျိုက်ကသာကျေးရွာနေ မဇာခြည်ဦး (၃၃)နှစ်၊ မောင်အောင်ထက်မြတ် (၁၇)နှစ်တို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် ဦးဇော်လွင်နှင့် ဦးမျိုးလွင်တို့ နှစ်ဦးမှာ အခင်းဖြစ်စဉ်က ရရှိခဲ့သည့်ဒဏ်ရာများဖြင့် သေဆုံးခဲ့သဖြင့် ဦးဇော်လွင်အား အိန္ဒြုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade-9 (Unit-1)

### Section (A) Listening

**I. Listen carefully and fill the blanks with the suitable expressions. (5 marks)**

**At the food court**

**Nay Chi :** Hi, Thuzar, Long time no see! How are you doing?
**Thuzar :** Hello, Nay Chi, I'm doing ....... (1) .......
**Nay Chi :** Thuzar, I'd like to ....... (2) ....... my cousin, Nandi.
**Thuzar :** Hello, Nandi, it's really ....... (3) ....... to meet you.
**Nandi :** Nice to meet you, too.
**Nay Chi :** Would you like to join us for lunch?
**Thuzar :** Yes, of course.
**Nay Chi :** Great! Have a seat. I've ordered steamed rice with roast duck. What would you like?
**Thuzar :** I'll have fried noodles.
**Nay Chi :** That's great! I'll pay the bill.
**Thuzar :** That's very kind of you.
**Nay Chi :** Please don't ....... (4) ....... it.
**Nandi :** Excuse me. I must be leaving now, ....... (5) ....... you later, Bye.
**Nay Chi :** Bye. See you.
**Thuzar :** Bye.

### Section (B) Reading

**II. Read the following passage and fill in the blanks with suitable words given below. There are two extras. (5 marks)**

| | | | |
|---|---|---|---|
| doubt | greeting | stranger | colleague |
| title | professor | channel | |

When you are introduced to someone, you will be often given the name the person would like to be called. If a person has a ....... (1) ....... such as doctor, ....... (2) ....... or director, it is appropriate to use the title when addressing them. If the person is of the same age or younger, it is all right to address him or her by only his or her first name. If you are uncertain, you may use Mr, Mrs, Ms, or Miss. Mostly, a person will indicate what they wish to be called. When you are in ....... (3) ......., you can ask the person how you should address them. Most of the time, people are informal with their ....... (4) ........ However, it is best to be polite and use a title with a ....... (5) ....... or a business associate.

### Section (C) Writing

**III. Fill each blank with the appropriate word. The initial letters are given to help you. (5 marks)**

1. The **w**.............. forecast predicts rain for tomorrow.
2. She holds strong **b**............... about environmental conservation.
3. Please get in **c**............... with the customer service department.
4. The restaurant provided excellent **s**............... to its customers.
5. It's important to treat others with **r**............... and kindness.

**Answer Keys**

I. 1. great 2. introduce 3. nice 4. mention 5. See

II. 1. title 2. professor 3. doubt 4. greeting 5. stranger

III. 1. weather 2. beliefs 3. contact 4. service 5. respect

## Grade-10 (Unit-1)

**I.(A) Complete the sentences with the correct forms of the words in brackets. (5 marks)**

1. We can (**acceptable**) the possible answers of the question "What is language?".
2. They make a rude (**gesture**).
3. Aung Thu can play football (**skill**).
4. The child is (**develop**) well.
5. (**Write**) skill is one of productive skills.

**I.(B) Complete each sentence with the appropriate word given in the box. There are two extras. (5 marks)**

| | | | |
|---|---|---|---|
| gestures | wrote | meaningful | interested |
| helpful | move | tool | |

6. He raised one eyebrow in a ............... way.
7. "I hope to see you next Saturday," she ...............
8. She is not ............... in what I was saying.
9. I am so cold that I can't ............... fingers.
10. She made very ............... suggestions but her boss rejected them all.

**Answer Keys**

I. (A) 1. accept 2. gesture 3. skillfully 4. developing 5. Writing

I. (B) 6. meaningful 7. wrote 8. interested 9. move 10. helpful

## Grade-11 (Unit-1)

**I. Rewrite the sentences according to the instructions given in brackets. (20 marks)**

1. Not only Myat Myat but also Latt Latt is expert at using the computer.
(**Rewrite the sentences using 'both ... and'.**)
2. Myanmar is a beautiful country. It is rich in natural resources. (**Rewrite, using 'both ... and'.**)
3. Tourists enjoy visiting Bagan and they also enjoy visiting Mandalay.
(**Rewrite the sentences using 'both ... and'.**)
4. The local fishermen are responsible to protect the Ayeyarwady dolphins. The government is also responsible to protect the Ayeyarwady dolphins.
(**Rewrite the sentences using 'both ... and'.**)
5. He was punished by his father. He never again made a mistake.
(**Combine the sentences using 'after + V-ing'.**)
6. It took me three weeks. I realized the real situation.
(**Combine, using 'before + V-ing'.**)
7. She had dinner and then went for a walk.
(**Combine, using 'before + V-ing'.**)
8. I made a decision. I thought carefully about it.
(**Combine the sentences using 'before + V-ing'.**)
9. She tore up the letter and then put it in the waste paper basket.
(**Combine the sentences using 'after + V-ing'.**)
10. I will call you. I speak to them first.
(**Combine the sentences using 'after + V-ing'.**)

**Answer Keys**

I.
1. **Both Myat Myat and Latt Latt are expert at using the computer.**
2. **Myanmar is both a beautiful country and rich in natural resources.**
3. **Tourists enjoy visiting both Bagan and Mandalay.**
4. **Both the local fishermen and the government are responsible to protect the Ayeyarwady dolphins.**
5. **After being punished by his father, he never again made a mistake.**
6. **It took me three weeks before realizing the real situation.**
7. **She had dinner before going for a walk.**
8. **Before making a decision, I thought carefully about it.**
9. **After tearing up the letter, she put it in the waste paper basket.**
10. **I will call you after speaking to them.**

## Grade-12 (Unit-1)

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. Some men are pretty **e**.............. about housekeeping.
2. She performed all her duties **c**............... She never does carelessly.
3. She is a **s**.............. lecturer at the university. She will be promoted earlier than her colleagues.
4. My **g**.............. have grown up without the experience of a world war.
5. Parents must be **r**.............. for their children's behaviour.
6. The proposal has not met with **u**.............. agreement. Some people do not agree it.
7. She is always **p**............... She always arrives at the school in time.
8. Everyone was **r**.............. towards him, listening carefully to his long explanations.
9. He smiled sweetly and declined her offer **p**...............
10. He is crude and rude. His behaviour will not be **t**...............
11. Children must learn socially **a**.............. behaviour.
12. Oxford University is one of the oldest educational **i**.............. in the world.

**Answer Keys**

I. 1. easy-going 2. conscientiously 3. senior 4. generation 5. responsible 6. universal 7. punctual 8. respectful 9. politely 10. tolerated 11. acceptable 12. institutions

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (**English for Students Supplement Editorial Group**) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။



## ရာဒူကာနူက ကူဒါမီတိုဗာကို အနိုင်ယူပြီး အီတလီအိုးပင်း ၁၆ ဦးအဆင့် တက်ပြီ

အီတလီအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦး အဆင့်တွင် ဗြိတိန်နာမည်ကျော်တင်းနစ်မယ် အမ်မာရာဒူကာနူက ရုရှားတင်းနစ်မယ် ဘရော်နီကာ ကူဒါမီတိုဗာကို အနိုင်ယူကျော်ဖြတ်ကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

၎င်းသည် ကူဒါမီတိုဗာကို အကြိတ်အနယ်ကစားပြီး ၅-၇၊ ၆-၀၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ရာဒူကာနူသည် အီတလီအိုးပင်းပြိုင်ပွဲ ၁၂၈ ဦးအဆင့်တွင်လည်း ပြိုင်ဘက်ဩစတြေးလျတင်းနစ်မယ် မေယာဂျိုင့်ကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ၇-၅၊ ၆-၇ (၁-၇)၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ၎င်းသည် ၆၄ ဦးအဆင့်တွင် ပြိုင်ဘက်ဆွစ်ဇာလန်တင်းနစ်မယ် တိုက်ရှိမန်းကို သက်သောင့်သက်သာ ယှဉ်ပြိုင်ကစားခဲ့ပြီး ၆-၂၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ရာဒူကာနူသည် အီတလီအိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ကမ္ဘာ့အဆင့် (၄) ရှိ နာမည်ကြီး အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ကိုကိုဂေါ့ဖ်သည် ၃၂ ဦးအဆင့်တွင် ပိုလန်တင်းနစ်မယ် လင်နက်တီနှင့် တွေ့ဆုံခဲ့ပြီး ၇-၅၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ရာဒူကာနူနှင့်အတူ အီတလီအိုးပင်း ၁၆ ဦးအဆင့်သို့ အခြား နာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ရှနိုက်ဒါ၊ မာတင်စ်၊ စဗစ်တိုလီနာ၊ ကောလင်း၊ အော့စတာပင်ကို၊ ပါအိုလီနီ၊ ဆာဘာယ်လင်ကာ၊ အိုဆာကာတို့ တက်လှမ်းနိုင်ခဲ့သည်။

## နယူးကာဆယ်က ချယ်ဆီးကို အနိုင်ယူပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး နီးစပ်လာ

ပရီမီယာလိဂ်ပွဲစဉ် (၃၆) အဖြစ် မေ ၁၁ ရက် ညနေ ၅ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် နယူးကာဆယ်နှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် နယူးကာဆယ်အသင်းက ဂိုးပြတ်အနိုင်ရရှိပြီး လာမည့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်အတွက် နီးစပ်လာခဲ့ပြီ ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို စိန့်ဂျိမ်းပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၅၂ ၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ချယ်ဆီးတိုက်စစ်ကစားသမား နီကိုလပ်စ်ဂျက်ဆင် ပွဲကစားချိန် ၃၅ မိနစ်တွင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ကစားခဲ့ရသည်။



■ ချယ်ဆီးအသင်းဘက်သို့ နယူးကာဆယ်ကစားသမား တိုနယ်လီ အဖွင့်ဂိုး သွင်းယူစဉ်။

ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး ရမှတ်လိုအပ်ချက်ရှိသည့် အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ပွဲကစားချိန် နှစ်မိနစ်တွင် မာဖီ၏ ဖန်တီးမှုကို တိုနယ်လီက အဆုံးသတ်သွင်းယူကာ နယူးကာဆယ်အသင်းအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

ချယ်ဆီးအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် သွင်းဂိုးရရှိရေး ဝေးကွာခဲ့ရသည်။ နယူးကာဆယ်အသင်းအတွက် ဒုတိယဂိုးကို ပွဲကစားချိန်ပြည့်ခါနီးတွင် ဂူမာရက်စ်က သွင်းယူပေးခဲ့သည်။

## ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ခြေကုန်ထုတ်လာမယ့် ရိုးမားကြောင့် အတ္တလန္တာ ရုန်းကန်ရနိုင်တယ်

**အတ္တလန္တာ VS ရိုးမား** နံနက် ၁း၁၅



■ စောင့်ကြည့်ရမယ့် ကစားသမား

ရေတီဂေ (အတ္တလန္တာ)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၃၁ ကြိမ်

အီတလီစီးရီးအေ ပွဲစဉ် (၃၆) အဖြစ် မေ ၁၃ ရက် နံနက်ပိုင်းမှာ အတ္တလန္တာနဲ့ ရိုးမားပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် ရမှတ်လိုအပ်ချက်ရှိနေတဲ့ အတ္တလန္တာနဲ့ ရိုးမားအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။

ရိုးမားအသင်းက ဒီပွဲစဉ်ရှုံးခဲ့ရင် ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက် မှေးမှိန်သွားမှာဖြစ်ပြီး အတ္တလန္တာအသင်းနိုင်ခဲ့ရင် ချန်ပီယံလိဂ်ဝင်ခွင့်ရရေး နီးစပ်သွားမှာ ဖြစ်တယ်။ မည်သို့ပင်ဆိုစေ ရိုးမားအသင်းအနေနဲ့ တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းမှာ သာလွန်တဲ့ အတ္တလန္တာကို ခက်ခက်ခဲခဲ ရုန်းကန်ရပြီး မမျှော်လင့်ဘဲ ရှုံးနိမ့်သွားနိုင်တယ်။

**အတ္တလန္တာနဲ့ ရိုးမားအသင်းတို့ရဲ့ နောက်ဆုံးနှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံမှု**

| | | | |
|---|---|---|---|
| ရိုးမား | ၀ - ၂ | အတ္တလန္တာ | စီးရီးအေ |
| အတ္တလန္တာ | ၂ - ၁ | ရိုးမား | စီးရီးအေ |



■ စောင့်ကြည့်ရမယ့် ကစားသမား

အာတမ်ဒေါ့ဗစ် (ရိုးမား)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၄ ကြိမ်

မေ ၁၃ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်လက်ကျန် တန်းတက်ခွင့်တစ်နေရာအတွက် ချန်ပီယံရှစ်ရှုံးထွက် ဒုတိယအကျော့အဖြစ် ရှက်ဖီးလ်နဲ့ ဘရစ္စတိုးလ်အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမအကျော့မှာ အသာရထားတဲ့ ရှက်ဖီးလ်အသင်းက ရှုံးထွက်ဗိုလ်လုပွဲကို တက်လှမ်းသွားမလား သို့မဟုတ် ဘရစ္စတိုးလ်အသင်းက အံ့အားသင့်ဖွယ် နိုင်ပွဲရရှိကာ ရှုံးထွက်ဗိုလ်လုပွဲတက်လှမ်းသွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

## ဘရစ္စတိုးလ်ကို ကျော်ဖြတ်ပြီး ရှုံးထွက်ဗိုလ်လုပွဲကို ရှက်ဖီးလ်တက်လှမ်းဖွယ်ရှိ



■ စောင့်ကြည့်ရမယ့် ကစားသမား

ဟမ်းမား (ရှက်ဖီးလ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၆ ကြိမ်

**ရှက်ဖီးလ် VS ဘရစ္စတိုးလ်** နံနက် ၁း၃၀

ပထမအကျော့မှာ ရှက်ဖီးလ်က သုံးဂိုးပြတ် အနိုင်ရထားလို့ စိတ်သက်သာရပေမယ့် ဘရစ္စတိုးလ်ရဲ့ ရုန်းအားကြောင့် ခက်ခက်ခဲခဲ ရုန်းကန်ရနိုင်တယ်။ ဘရစ္စတိုးလ်က ရှက်ဖီးလ်အသင်းထက် တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်း အားနည်းတယ်။

ပထမအကျော့မှာ တစ်ယောက်လျော့ဘရစ္စတိုးလ်က ရှက်ဖီးလ်ကို အခက်တွေ့အောင် ကစားထားနိုင်တယ်။ ဒါပေမယ့် ရှက်ဖီးလ်မှာ မော်ရီ၊ ဟမ်းမား၊ ဘားရိုးစ်စတဲ့ ကစားသမားကောင်းတွေ အများအပြားရှိတယ်။ မည်သို့ပင်ဆိုစေ ဘရစ္စတိုးလ်အသင်းက ရှက်ဖီးလ်ကို တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရှုံးထွက်ဗိုလ်လုပွဲကို တက်လှမ်းနိုင်ဖွယ် မရှိဘူး။

**ရှက်ဖီးလ်နဲ့ ဘရစ္စတိုးလ်တို့ရဲ့ ရှုံးထွက်ပထမအကျော့ရလဒ်**

| | | | |
|---|---|---|---|
| ဘရစ္စတိုးလ် | ၀ - ၃ | ရှက်ဖီးလ် | ၉-၅-၂၀၂၅ |



■ စောင့်ကြည့်ရမယ့် ကစားသမား

နာကီ ဝဲလ်စ် (ဘရစ္စတိုးလ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၄ ကြိမ်

## အီတလီအိုးပင်း ၃၂ ဦးအဆင့်တွင် ဆင်းနားနှင့် ဒီဂျောင်တို့ ဆုံတွေ့

အီတလီအိုးပင်း အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ကမ္ဘာ့နံပါတ်တစ် အီတလီတင်းနစ်အကျော်အမော် ဆင်းနားနှင့် နယ်သာလန်တင်းနစ်ကစားသမား ဒီဂျောင်တို့ မေ ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဆင်းနားသည် ၆၄ ဦးအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား နာဗိုနီနှင့် တွေ့ဆုံခဲ့ပြီး ၆-၃၊ ၆-၄ ရလဒ်ဖြင့် အနိုင်ရရှိထားသည်။

ပြိုင်ဘက် ဒီဂျောင်က အဆိုပါ အဆင့်တွင် စပိန်တင်းနစ်ကစားသမား ဖိုကီနာကို ၆-၀၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။ ဒီဂျောင်သည် အီတလီအိုးပင်းပြိုင်ပွဲကို လက်ရည်စစ်ပွဲမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- ဆိုစီဒက်စ်ကွင်းလယ်ကစားသမား မာတင်ဇူဘီမန်ဒီ (၂၆ နှစ်) သည် အာဆင်နယ်သို့ ပြောင်းရွှေ့ရန် သဘောတူလိုက်ပြီ ဖြစ်သည်။
- လာလီဂါပွဲစဉ် (၃၅) အဖြစ် မေ ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အက်သလက်တီကိုမက်ဒရစ်နှင့် ဆိုစီဒက်အသင်းပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်က ဆောလော့သ်၏ သွင်းဂိုးများဖြင့် လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

■ မိုးဇက် - စုစည်းသည်

# ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မွန်ပြည်နယ် ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁,၆၁၄ ဧကရှိသော နယ်မြေကို **"ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၅)အရ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း(၄)ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝအစိမ်းရောင် တံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့ရေးကို အထောက်အကူပြုနိုင်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ကဏန်း၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေဝင်ရောက်မှုများမှ တားဆီးကာကွယ်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ဒီရေတောစိုက်ခင်းများတည်ထောင်၍ ဒီရေတောသစ်ပင်များဖြစ်ထွန်းလာပြီး ပင်လယ်လှိုင်း၊ ဒီရေနှင့် လေမုန်တိုင်းစသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်မည်ဖြစ်ခြင်း၊ ကမ်းပြိုတိုက်စားမှု လျော့နည်းလာမည်ဖြစ်ခြင်း၊ လယ်ယာမြေများအတွင်း ဆားငန်ရေဝင်ရောက်မှုကို ကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ရေနေသတ္တဝါများနှင့်ဆောင်းခိုငှက်၊ ရေပျော်ငှက်များအတွက် စားကျက်နေရာများတိုးပွားလာမည်ဖြစ်ခြင်း၊သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုအခြေအနေကောင်းမွန်စေရေး အထောက်အကူပြုနိုင်မည်ဖြစ်ခြင်း၊ မြန်မာ့သစ်တောမူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ခြင်း၊ ဒီရေတောဧရိယာအတွင်းရှိသစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ထာဝစဉ်ရေရှည်တည်တံ့စေနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ညောင်လေးပင်မြို့နယ် အနန္တဇိနမဟာဗောဓိ(ဗုဒ္ဓဂယာ) ကပ်ကျော်စေတီတော်မြတ်ကြီး စိန်ဖူးတော်တင်လှူပွဲကျင်းပ



**ညောင်လေးပင် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထော်န္တတ်စံပြကျေးရွာ တိက္ခာရာမမူလကျောင်းတိုက်၌ အနန္တဇိနမဟာဗောဓိ (ဗုဒ္ဓဂယာ)ကပ်ကျော် စေတီတော်မြတ်ကြီး စိန်ဖူးတော်တင်လှူပွဲ၊ ဌာပနာတော်ပိတ်ပွဲနှင့် အနေကဇာတင်လှူပွဲအား ၁၃၈၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)၊ တနင်္ဂနွေနေ့ နံနက် ၇ နာရီတွင် အဆိုပါကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာဝုဓ ဦးစီးပဓာနပြု၍ အများပေါင်းစုမြတ်ကောင်းမှုဖြင့် တည်ထားပူဇော်တင်လှူကြောင်း သိရသည်။

အဆိုပါ စိန်ဖူးတော်တင်လှူပူဇော်ပွဲ အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဇော်မင်းယု၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ လာရောက်ဖူးမြော်ပူဇော်ကြပြီး ပင့်သံဃာ ၁၀၀ ကျော်အား ဗုဒ္ဓပူဇနိယသံဃဒါန ဆွမ်းကြီးလောင်းပွဲ လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**စွမ်းထက် (ညောင်လေးပင်)**

## မြေလတ်သားအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က နှမ်းများ အခွံချွတ်သန့်စင်ပြီး နိုင်ငံခြားသို့တင်ပို့

**မကွေး မေ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သန်းတောကုန်းအုပ်စု၊ နွားကူးကျေးရွာတွင် မြေလတ်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တည်ရှိပြီး အသင်းမှ ဒေသတွင်းထွက်ရှိသည့် အရည်အသွေးကောင်းမွန်သော နှမ်းများကို ဝယ်ယူကာ စက်များဖြင့် အဆင့်ဆင့် နှမ်းအခွံချွတ်သန့်စင်ပြီး တရုတ်၊ စင်ကာပူ၊ ထိုင်းနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ နှမ်းတန်ချိန် ၂၆၃၆၆၁၇ ဒသမ ၅၀ kg တင်ပို့နိုင်ခဲ့သည်။ မြေလတ်သားအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တွင် အမှုဆောင် သုံးဦး၊ အသင်းသားစာရင်းစစ် နှစ်ဦးရှိပြီး ဝန်ထမ်း ၂၈ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်ကာ



နိုင်ငံခြားဝင်ငွေ ရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နွေရာသီ အဆင့်မြင့်လက်ဝှေ့အားကစားသင်တန်းဆင်း

**ရန်ကုန် မေ ၁၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီ လက်ဝှေ့အခြေခံနှင့် အဆင့်မြင့်အားကစားသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သုဝဏ္ဏ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။



ကောင်းခန့်ပြည့်နှင့် ဘုန်းသော်ခန့်တို့ ယှဉ်ပြိုင်စဉ်။

ဦးစွာမြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ( ၁) ဦးကျော်ကျော်စိုးက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် သင်တန်းဆင်းလက်ဝှေ့အားကစားသမားများက ၂ မိနစ်ထိုး ၁ မိနစ်နား သုံးချီ၊ နှစ်ချီပြိုင်ပွဲပေါင်း ၁၇ ပွဲ သရုပ်ပြယှဉ်ပြိုင်ကစားကြပြီး မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ (၁)နှင့် အမှုဆောင်များက ဆုတံဆိပ်များ ချီးမြှင့်ကြသည်။

ယင်းသင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ကလပ်အသင်းများမှ လက်ဝှေ့ကစားသမားများ၊ လက်ဝှေ့ဝါသနာရှင်များ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို မတ် ၁၀ ရက်မှ မေ ၁၁ ရက်အထိ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ရှိ သင်တန်းနည်းပြဆရာများက ဦးဆောင်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## လျှပ်စစ်ပြတ်တောက်မှုဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၁ ရက်အထိ သေဆုံးသူ ၃၇၂၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၆ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၀ ရက် ညနေ ၅ နာရီမှ မေ ၁၁ ရက် ညနေ ၅ နာရီအတွင်း World Vision International Myanmar မှတစ်ဆင့် WFP-UNHCR က လှူဒါန်းသည့် တာပေါ်လင်စနှင့် ရေပုံးပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်း ၇၇ ထုပ် (အလေးချိန် ၃၁ ဒသမ ၈၁၄ တန်)နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) က လှူဒါန်းသည့် တာပေါ်လင်စနှင့် ရေပုံးပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်း ၁၇ ထုပ် (အလေးချိန် ၁၀ ဒသမ ဂ၈၆ တန်)တို့ ရောက်ရှိခဲ့ရာ အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လျှပ်စစ်ဓာတ်အားချွေတာရေး နည်းလမ်းများ

❄ ရုံးချိန်အတွင်း အလင်းရောက်ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှုလျှော့ချရန်။

❄ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက်သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။

❄ ရုံးပြန်ချိန်တွင် မလိုအပ်သော လျှပ်စစ်မီးသုံးစွဲမှုများ ရှိ/မရှိ သေချာစိစစ်ရန်။




## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ ၈-၁-၂၀၂၅၊ စာမျက်နှာ ၂၅၊ အကွက် မ-၅၉၊ ဦးပိုင် ၄၅ ကြော်ငြာစာတွင် အကွက် မ-၅၉၊ ဦးပိုင် ၄၅ ခဲစင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/9806 Govzct Dump Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မင်းထွဋ် ၇/တငန(နိုင်)၁၅၆၃၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/1649 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၅)၊ ဦးပိုင်အမှတ် (၁၀)/ ၄၂x၄၃လမ်းကြား၊ ၅၄ x ၅၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးပြည့်ဖြိုးအောင် ၉/အမဇ(နိုင်)၀၂၀၇၇၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၇)၊ ဦးပိုင်အမှတ် (၅၁)၊ ၆၇x၆၈ကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်ဆယ် ၁၂/ဥကတ(နိုင်)၁၃၀၆၇၉က အမှုတွဲအမှတ် ၀၀၀၈/၂၀၂၅-၂၀၂၆ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်းတင်ဒါ Lot (၄)ခု အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၅-၂၀၂၆ (ဧပြီလမှ မတ်လ)ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် ခေါင်းစဉ်မှကျခံ၍ လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း Lot(၄)ခုအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါ၍ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** -၁၂-၅-၂၀၂၅ ရက်(တနင်္လာနေ့)

(ခ) **တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်ရက်နှင့်အချိန်** -၆-၆-၂၀၂၅ရက်(သောကြာနေ့) နံနက်(၀၉:၃၀)မှ(၁၆:၃၀)ထိ

(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်နှင့် အချိန်** -၁၁-၆-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) နံနက်(၀၉:၃၀)မှ(၁၆:၃၀)ထိ

၂။ တင်ဒါကော်မတီမှ တင်ဒါလျှောက်လွှာဝယ်ယူထားသည့် ကုမ္ပဏီများအား ၉-၆-၂၀၂၅ ရက် နံနက်(၁၀:၀၀)နာရီတွင် တင်ဒါကိစ္စများရှင်းလင်းခြင်း အစီအစဉ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများမှ တက်ရောက်ကြရန် ဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၄၁၀၂၁၄၂၃၊ ၀၉-၄၃၁၀၀၆၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၇-၅-၂၀၂၅) ရက်၊ ဗုဒ္ဓဟူးနေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်းကို ကန့်ကွက်ကြောင်း ပြန်လည်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ချောင်းကူးငယ်ရပ်၊ ရွှေပြည်သာလမ်း၊ အမှတ်(၁၂၂)နေ ဦးဝင်းမြင့်ကျော် (ဘ) ဦးစိုးမြင့် ၅/လရန(နိုင်)၀၀၀၀၄၆ အား မြိတ်မြို့၊ ကြံတောရပ်၊ ရှမ်းလမ်းနေ ဒေါ်သင်းသင်းဆွေ (ဘ)ဦးမောင်မြင့် ၆/မအရ(နိုင်)၀၂၇၃၁၈ နှင့် ဦးစိုးနိုင် (ဘ)ဦးလွန်းရွှေ ၆/မအရ(နိုင်)၀၃၇၈၄၇ တို့မှ ၎င်းတို့ကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် မြိတ်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၀-၁၂-၂၀၂၂ ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၃/၂၀၂၂) ဖြင့် လွှဲအပ်ပေးထားခဲ့ပါသည်။ ထိုသို့လွှဲအပ်ပေးထားသဖြင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဝင်းမြင့်ကျော်မှ ၎င်းတို့ကိစ္စရပ်များကို စီမံဆောင်ရွက်ပေးခဲ့ရာ အောင်မြင်ပြီးဆုံးခါနီးအချိန် ရောက်ရှိနေပြီဖြစ်ပါသည်။ ထိုသို့ကိစ္စရပ်များ အောင်မြင်ပြီးဆုံးပါက ဦးဝင်းမြင့်ကျော်အား ရသင့်ရထိုက်သည့် အကျိုးအမြတ်ခံစားခွင့်များကိုမပေးလို၍ ဦးဝင်းမြင့်ကျော် သဘောတူညီမှုမရှိဘဲ (၇-၅-၂၀၂၅)ရက်၊ ဗုဒ္ဓဟူးနေ့၊ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်းသည် တစ်ဖက်သတ်ကြေညာခြင်းသာဖြစ်ပါသည်။ ထိုသို့ကြေညာခြင်းနှင့်ပတ်သက်၍ ဦးဝင်းမြင့်ကျော်မှ လက်ခံသဘောတူညီခြင်းမရှိကြောင်း အများသိစေရန် ပြန်လည်ကန့်ကွက်ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်ကျော်**

## ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် ကုသရေးဦးစီးဌာန(တောင်ကြီး)နှင့် လွိုင်လင် (ခုတင်-၂၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတို့၏ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်တွင် လိုအပ်သော ဆေးဝါးများအား ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **စတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၂-၅-၂၀၂၅ရက်(တနင်္လာနေ့)

**တင်ဒါပိတ်ရက်** - ၂၆-၅-၂၀၂၅ရက်(တနင်္လာနေ့)

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ကုသရေးဦးစီးဌာန (တောင်ကြီး) ဖုန်း -၀၈၁-၂၁၂၁၀၆၉၊ ၀၉-၇၅၀၆၇၈၅၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန အထွေထွေရောဂါကုဆေးရုံကြီး၊ပခုက္ကူမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်အတွက် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ ခါတ်ခွဲခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ ဓါတ်မှန်ဖလင်နှင့်ဆေးရည်များ Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက်** - (၁၃-၅-၂၀၂၅)ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၁၁-၆-၂၀၂၅)ရက်၊ ညနေ(၄)နာရီ

၄။ တင်ဒါလျှောက်လွှာများကို ဆေးရုံအုပ်ကြီးရုံး၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် ထုတ်ယူနိုင်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ အထွေထွေရောဂါကုဆေးရုံကြီး၊ ပခုက္ကူမြို့။ ဖုန်း/၀၆၂-၂၀၂၁၀၉၆/၂၀၂၁၁၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၄၃) ကလွင်ကွင်း၊ ဦးပိုင်အမှတ် (၅၀၈/၄၃၇/၅)၊ မြေဧရိယာ သုည ဒသမ ၉၀ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၅/၁၉၉၈-၁၉၉၉ အရ ဆွေဖကုမ္ပဏီလီမိတက် အမည်ဖြင့် ရရှိခဲ့ပြီး ဆွေဖကုမ္ပဏီလီမိတက် အတွင်းရေးမှူး ဦးအောင်ကျော်ဇောထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၃/၂၀၂၅)ဖြင့် ဦးလှဝေ၊ ဒေါ်နန်းမိုခမ်း(ခ)နန်းမိုတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးလှဝေ ၆/ကစန(နိုင်)၀၄၁၆၂၅၊ ဒေါ်နန်းမိုခမ်း(ခ)နန်းမို ၁၃/တယန(နိုင်)၀၃၀၂၉၉ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ဘီးလင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ရှင်ဥပဂုတ္တကန်တော်တွင်း ရေဖြည့်သွင်းကုသိုလ်ယူ

**ဘီးလင်း မေ ၁၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနသည် ယနေ့ (ကဆုန်လပြည့်နေ့) နံနက်ပိုင်းက ကန်သာယာ ရပ်ကွက်ရှိ ရှင်ဥပဂုတ္တရေကန်တော်တွင်း ရေဖြည့်သွင်း ကုသိုလ်ယူ ဆောင်ရွက်ခြင်း၊ ရတနာသုံးပါးတော်နှင့် ဓာရဏပရိတ်တော် ရွတ်ဖတ် ပူဇော်ခြင်းတို့ကို ကုသိုလ်ယူခဲ့ကြသည်။

ဦးစွာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် မိသားစုများက ရှင်ဥပဂုတ္တ ကျောင်းဆောင်အတွင်း၌ ရတနာသုံးပါးတော်နှင့် ဓာရဏပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးတင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေး၊ မီးဘေး၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုး ကင်းရှင်းစေရေးအတွက် မီးသတ်ရေယာဉ် ၁၁ စင်းဖြင့် ရှင်ဥပဂုတ္တ ကန်တော်အတွင်းသို့ ကုသိုလ်ပြုရေဖြည့်သွင်းခဲ့သည်။ မြို့နယ် (ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ၁၁-၅-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | မြင်းခြံ | ၄၂.၅ | ၁၀၈.၅ |
| ၂။ | ချောက် | ၄၂.၂ | ၁၀၈.၀ |
| ၃။ | ဖောင်းတူ | ၄၁.၇ | ၁၀၇.၁ |
| ၄။ | မကွေး | ၄၁.၇ | ၁၀၇.၁ |
| ၅။ | အောင်လံ | ၄၁.၆ | ၁၀၆.၉ |
| ၆။ | မြင်းမူ | ၄၁.၅ | ၁၀၆.၇ |
| ၇။ | ပခုက္ကူ | ၄၁.၀ | ၁၀၅.၈ |
| ၈။ | ရွှေဘို | ၄၁.၀ | ၁၀၅.၈ |
| ၉။ | မုံရွာ | ၄၀.၆ | ၁၀၅.၁ |
| ၁၀။ | တောင်ငူ (လေကြောင်းမိုးလေဝသ) | ၄၀.၄ | ၁၀၄.၇ |
| ၁၁။ | ပြည် | ၄၀.၄ | ၁၀၄.၇ |
| ၁၂။ | မင်းဘူး | ၄၀.၄ | ၁၀၄.၇ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/62577 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းမြတ် ၈/စလန(နိုင်)၁၄၆၀၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၃၂၈၆၃ Rato 110 M/C ယာဉ်လက်ဝယ်ရှိသူ Beautiful Road Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အမက (ရေတွင်းကုန်း) Grade-3 မှ မောင်မင်းသူထက် အား မောင်သုတလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သုတလင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့နေ ဦးအောင်ဝင်း (၂/လကန(နိုင်)၀၀၇၈၈၅) ၏ဖခင် ဦးကျွား (ခ) ဦးမောင်ကျွား သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်ပညာရေးမှူးရုံးမှ (ဘ) ဦးပရေးရယ်၏သမီး ဒေါ်ထျုရမိုး နှင့် ဒေါ်ဗျားမြာသည် တစ်ဦးတည်း ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၈-၆-၁၉၆၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လွိုင်ကော်မြို့နယ်၊ လောပိတရှမ်းရွာ၊ အ.ထ.က (ခွဲ) Grade-11မှ မသီတာအောင်နှင့် မစူးမြာသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မသီတာအောင်(ခ)**
**မစူးမြာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၄၀၀၈၀, Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ Eternal Green Co.,Ltdက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 36W/92825, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထားထားဦး ၂/လကန(နိုင်)၀၀၁၀၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊လွိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 46W/44553, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအာဖြာဟန်လင်း ၂/လကန(နိုင်) ၀၇၅၁၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊လွိုင်ကော်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန
## မိုးညှင်းခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁/၂၀၂၅ -၂၀၂၆)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာ) ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့်ရက်** - (၉-၅ -၂၀၂၅)ရက် ရုံးချိန်အတွင်း

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/အချိန်** - ( ၂၂- ၅ -၂၀၂၅)ရက် မွန်းတည့်(၁၂:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ( ၂၃ - ၅ -၂၀၂၅)ရက် နံနက်(၁၀:၀၀)နာရီ

(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊မိုးညှင်းမြို့

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မိုးညှင်းမြို့ ဖုန်း-၀၉-၄၂၂၆၆၅၇၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ဖျာပုံမြို့နယ်၊ သမိန်ထောကျေးရွာနေ ဦးသန်း၏သား ဦးဝင်းထွန်း ၁၄/ဖပန(နိုင်) ၁၀၆၁၃၀၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၄၂၆၂၈၉**

## အမည်ပြောင်း

(ဘ)ဦးဝင်းကြိုင် ၈/ရစက (နိုင်)၁၃၂၇၀၈၏သမီး၊ ပခုက္ကူမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ Grade-3တွင် ပညာသင်ကြားမည့် မခင်သုသုဟန်အား မခင်ချမ်းမြေ့သာ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ်(၅)၊ အကွက်အမည်(ရွှေကူကွက်)၊ ဦးပိုင်အမှတ်(၄၅၄က)၊ ဧရိယာ(၀ ဒသမ၀၃၅) ကေနှင့် ဦးပိုင်အမှတ်(၄၅၄ ခ)၊ ဧရိယာ (၀ဒသမ၀၃၅)ကေရှိမြေကို(ဘိုးဘပိုင်)အမည်ပြောင်းပေးရန် ဦးတင်မောင်အေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက(၂၄-၅-၂၀၂၅) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ပြည်မြို့နယ်မြေစာရင်းဦးစီးဌာနမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်ရန်မရှိဟုယူဆပြီး လုပ်ထုံး လုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ပြည်မြို့နယ်မြေစာရင်းဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ နေခြည်လမ်း၊ အမှတ်(၄၄၄)၊ ဧရိယာ(၄၀x၆၀)ပေရှိ (ဦးငြိမ်းအောင်)အမည်ပေါက် ဂရန်မြေကွက်ထဲမှ (၂၀x၆၀)ပေရှိ မြေကွက်နှင့်နေအိမ်အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဦးကြည်စိန် ၁၂/တမန(နိုင်)၀၇၇၆၃၄မှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်ကိုကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြေးမုံမြင့် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၆၆)**
**ဖုန်း-၀၉-၈၉၃၅၃၄၂၀၀။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်းရပ်ကွက်၊ ပေါင်းလောင်း(၁၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁/ပေါင်းလောင်း(၁)၊ ဦးပိုင်မြေကွက်အမှတ်(၁၅၁)၊ ဧရိယာ(၄၀X၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိသော ဦးဘိုးတင်(ဘ)ဦးငနီ ၁၀/သထန(နိုင်) ၀၈၄၉၀၀ အမည်ပေါက်မြေပေးမိန့်မူရင်း၊ မြေကွက်အဆောက်အအုံနှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်သစ်(ဘ)ဦးသန်းညွန့် ၉/ပမန(နိုင်) ၀၁၉၄၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ချိုချိုအောင် (ဘ)ဦးချိုသောင်း ၅/ဝလန(နိုင်) ၁၂၂၉၅မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုလဲ့ညို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၈၀/၁-၂-၂၀၁၈)**
**အမှတ်(၄/၄၉၉-ခ)၊ သဲကျွန်းရပ်ကွက်၊ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၇၉၇၈၅၃၃၈၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ်(CL7)၊ အခန်းအမှတ်(၄၀၄)၊ တိုက်ခန်းအမျိုးအစား(1-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၄၈၄)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးဇေယျာရှိန်း ၁၃/လယန(နိုင်)၀၇၈၈၄၆နှင့် ဒေါ်မူမူစန်း ၁၂/မဂတ(နိုင်)၀၀၁၃၉၃တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်သိန်း**
**၁၂/မရက(နိုင်)၀၀၆၂၉၂**
**ဖုန်း-၀၉-၂၅၂၇၃၀၀၃၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ထီးတော်ရွှေမိုက်ချွတ် လုပ်ငန်းကို အိတ်ဖွင့်တင်ဒါခေါ်ယူပြုလုပ်မည်ဖြစ်ပါသည်။

၂။ လုပ်ငန်းလုပ်ကိုင်လိုသူများ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။လျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းများကို ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ထံမှ ရယူနိုင်ပါသည်။

(၁) **တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက်** - ၁၂-၅-၂၀၂၅ရက်

(၂) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၅-၂၀၂၅ရက် ညနေ ၄နာရီ

**ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး**
**ဖုန်း-၀၉-၇၇၁၆၃၆၈၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ လင်းဇင်းနယ်မြေ၊ ဦးပိုင်အမှတ်(၁၇/က)၊ မြေကွက်အမှတ်(၂၁)၊ ဧရိယာ(၀.၀၂၀)ကေ၊ အရှေ့လားသော်-လမ်း၊ အနောက်လားသော်- မြေကွက်အမှတ်(၁၈)၊ တောင်လားသော်-မြေကွက်အမှတ်(၁၄/၁၄၉)၊ မြောက်လားသော်-လမ်း စသည့် အလား(၄)ရပ်အတွင်းရှိ (၂၃x၄၇)ပေကျယ်ဝန်းသော ဦးထွန်းတင် ဂရန်အမည်ပေါက် ဝိုင်းမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်(၁)လုံး၊ အိမ်သုံးမီတာနှင့် ရေတိုင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူများဖြစ်ကြသည့် ဒေါ်ခင်အေးထွန်း ၉/မထလ (နိုင်)၀၂၁၀၉၆၊ ဦးတင်မောင်သိန်း ၉/မထလ(နိုင်) ၀၂၀၁၃၉၊ ဒေါ်ဆွေဆွေလှ ၉/မထလ(နိုင်)၀၀၀၅၈၂တို့သည် လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နင်ရှမ်မန်(ဘ)ဦးမောင်အေး ၁၃/နမတ(နိုင်)၀၃၂၅၃၉မှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် နေအိမ်၊ ဝိုင်းမြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ပေးစာချုပ်ချုပ်ဆို၍ တန်ဖိုးငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်နိုင်စိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၉၅)**
**ပြည်သာယာတောင်ရပ်ကွက်၊ မိတ္ထီလာမြို့**
**ဖုန်း-၀၉-၂၂၀၁၅၅၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/အလောင်းစည်သူ၊ ဦးပိုင်အမှတ်(၁၈၈)၊ ဒေါ်ဖြူဖြူ(ဘ)ဦးသီဟ ၉/တကန(နိုင်)၀၀၉၇၁၈ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်၊ ဧရိယာ ၀.၁၆၃ ကေအနက်မှ ဧရိယာ(၀.၀၂၉)ကေအား ဦးစိုးဦး-ဒေါ်သန်းသန်းဆင့်(ဘ)ဦးစိုးညွှန့်၊ ဦးလေးမောင် ၉/မနမ(နိုင်)၀၈၃၇၁၅၊ ၉/မနမ(နိုင်)၀၈၄၁၁၆တို့နှင့် ဦးပိုင်ခွဲမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/သီဟသူ ၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀.၁၁၀)ကေရှိ ဦးကောင်းမြတ်ကျော် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးကောင်းမြတ်ကျော်(ဘ) ဦးမြလှိုင် ၉/ပမန(နိုင်)၀၀၁၂၀၀မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေးစာရင်းမူရင်းများတင်ပြပြီး ဒေါ်မို့မို့သန်း (ဘ)ဦးသန်းမောင် ၉/ညလပ(နိုင်)၀၉၅၁၁၂နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၉-စီ)၊ ဦးပိုင်အမှတ်(၆၀)၊ ကုန်းတလပေါင်ရပ်ကွက်၊ ရွှေစေတီ(၃)လမ်း၊ (၁.၅၀) ကေပေအကျယ်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် မြေကွက်အမှတ်(၁၆)၊ (၂၀x၆၀)ပေအကျယ် မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကိုလက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးရဲမင်းထွန်း ၁၂/အစန(နိုင်)၁၈၃၁၄၄မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးအောင်ဇင်ဝင်း ၁၄/ညတန(နိုင်)၁၆၂၆၇၁၊ ဒေါ်ဝါဝါစိန် ၇/ရတရ(နိုင်)၀၇၅၀၅၃တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** |

**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉- ၇၅၀၃၉၈၄၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပုသိမ်တက္ကသိုလ်
## ပါရဂူ(PhD)သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

(က) အဏုဇီဝဗေဒ
(ခ) သင်္ချာ
(ဂ) အဏ္ဏဝါသိပ္ပံ
(ဃ) အင်္ဂလိပ်စာ

၂။ ပါရဂူဘွဲ့ (PhD)သင်တန်းများကို တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၅ခုနှစ်၊ ဇွန်လ(၁)ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) **အဏုဇီဝဗေဒဘာသာရပ်အတွက်** အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ ဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။
**အဏ္ဏဝါသိပ္ပံဘာသာရပ်အတွက်** အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ ဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။
**သင်္ချာဘာသာရပ်အတွက်** အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ သင်္ချာဘာသာရပ်ဖြင့် အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။
**အင်္ဂလိပ်စာဘာသာရပ်အတွက်** အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်စာဘာသာရပ်ဖြင့် အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။
ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း၊ ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု၊ တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည်(ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင် မြင်ရမည်။

(၃) တက္ကသိုလ်ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ် ဆိုင်ရာ (၃) နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆို အောင်မြင်ပြီး လူတွေ့ စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ၊ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင် မြင်ရမည်။)

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့် အဆင့်တူ သင်ကြားရေးရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး၊ မဟာဘွဲ့ကိုCGPA 4.5 နှင့် အထက်ရရှိသူ(သို့မဟုတ်) အနည်းဆုံးမဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသန လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူဖြစ်ရမည်။

၃။ ပုသိမ်တက္ကသိုလ် စာမေးပွဲဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၂၀-၅-၂၀၂၅)ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ပုသိမ်တက္ကသိုလ်တွင် ပါရဂူ (PhD) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

| | | | |
|---|---|---|---|
| (က) | (၂၂-၅-၂၀၂၅) (ကြာသပတေးနေ့) | (၀၉:၀၀)နာရီမှ(၁၂:၀၀)နာရီ | သက်ဆိုင်ရာ ဘာသာရပ် |
| (ခ) | (၂၃-၅-၂၀၂၅) (သောကြာနေ့) | (၀၉:၀၀)နာရီမှ (၁၂:၀၀)နာရီ | အင်္ဂလိပ်စာ ဘာသာရပ် |

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို (၂၉-၅-၂၀၂၅)ရက်နေ့ (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ(ဌာနမှူး) များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနမှူး(သင်တန်းရေးရာ) (ဖုန်းနံပါတ်-၀၉-၄၅၁၂၃၆၇၁၆)ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာ**
**ပုသိမ်တက္ကသိုလ်**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေချီ)၊ ဦးပိုင်အမှတ်(၁၀၁)၊ မြေချိန်ဧရိယာ(၀ဒသမ၁၁၇)ကေရှိ ဘိုးဘွားပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများ၏(၁၀)ပုံ(၈)ပုံကို ကျွန်မ ဒေါ်မိမိစံမှ ပိုင်ဆိုင်ခြင်းဖြစ်၍ ကျွန်မ ဒေါ်မိမိစံ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိသောမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိမိစံ (၁၂/ကမတ(နိုင်) ၀၄၆၄၀၁)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မောင်စိုးအောင်(ဘ)ဦးစိုင်း ၉/မဟမ (နိုင်)၀၀၁၉၉၈ ၏ ပတ်စ်ပို့နံပါတ် (MA-246160) ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၉၅၂၄၅၁

## အမည်ပြောင်း

ဦးအောင်ဆန်းဦး၏ သားဖြစ်သူ ကျွန်းစုမြို့၊ အထက(ပထက်) ကျောင်းမှ Grade-4 ဖြေဆိုထားသော မောင်ဘုန်းမြတ်သူအား ယနေ့မှစ၍ မောင်ရဲရင့်မင်းသွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲရင့်မင်းသွင်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/2809 Toyota Hilux p/u(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းနိုင် ၆/မမန(နိုင်)၁၄၅၃၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မြိတ်)

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၂)၊ ဦးပိုင်အမှတ် (၁၄/၁၁)၊ ၈၉လမ်း၊ ၄၂x၄၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းတန် ၉/မနတ(နိုင်)၁၀၄၀၃၁ ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၁၄၆/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းထွေးကြည် ၁၃/မဆတ(နိုင်)၀၂၅၁၁၅ ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-ဆ)၊ ဦးပိုင်အမှတ် (၈၉)၊ ၁၉x၂၆လမ်းကြား၊ ၅၄x၅၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကို ၁/မကန(နိုင်)၁၂၂၁၂၃ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၅၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ဝင်းကြည် ၉/မနမ(နိုင်)၀၉၆၅၉၂ ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးပစ္စည်းဝယ်ယူခြင်းကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရန် စိတ်ဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၁၅-၅-၂၀၂၅ ရက် |
| (ခ) | **တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** | - ၂၈-၅-၂၀၂၅ ရက် (ညနေ၄:၃၀ နာရီ) |
| (ဂ) | **PO Cheque နှင့်စာအိတ် 'A' 'B' လက်ခံမည့်ရက်** | - ၂၉-၅-၂၀၂၅ရက် (ရုံးချိန်အတွင်း) |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာမြို့။ |
| (င) | **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** | - တင်ဒါတင်သွင်းသူများသို့ဌာနမှ ဆက်သွယ် အကြောင်းကြားပါမည်။ |

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ် အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၃၆၂၅၊ ၀၇၁-၂၃၆၂၆၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့ ဖုန်း ၀၇၁-၂၁၁၈၂ ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရွှေဘိုမြို့၊ ဖုန်း ၀၇၅-၂၁၀၀၄၊ ၀၇၅-၂၂၅၀၄ ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကလေးမြို့ ဖုန်း ၀၇၃-၂၁၄၈၉ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၃၇)၊ ၅၅(B)လမ်း၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝမ်ရှမ်းကျယ်(ခ) ဦးဝမ်ရှမ်းကြည် (ခ) ဦးကျော်မြင့် ၉/မရမ(နိုင်)၀၅၆၄၁၄ က အမှုတွဲအမှတ် ၀၀၂၁/၂၀၂၅-၂၀၂၆ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်အမှတ်(၆၅)၊ ၅၆လမ်း၊ ၁၀၄ x ၁၀၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန္ဒာသိန်း၊ ဒေါ်ဥမ္မာဝင်းတို့၏ (SP ရရှိသူ ဒေါ်ဆုရည်မွန်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၆၃/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းထွန်းဦး ၅/စကန(နိုင်)၀၁၂၅၁၃၊ ဒေါ်ချောအိထွေး ၅/စကန(နိုင်)၀၀၀၈၁၃ တို့က အမှုတွဲအမှတ် ၀၀၂၂/၂၀၂၅-၂၀၂၆ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၀)၊ ဦးပိုင်အမှတ်(၂၃)၊ ၁၄၁x၁၄၂ကြား၊ ၅၆လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မေ ၉/တသန(နိုင်)၀၄၉၃၁၆ က အမှုတွဲအမှတ် ၀၀၁၆/၂၀၂၅-၂၀၂၆ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၁၂၃)၊ မြေပေအကျယ် (၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ ဒေါ်စံရှားတင်အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်နီလာဆန်း ၇/မညန(နိုင်)၀၀၀၉၇၉ က ယင်းမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီမိုး ၁၃/ကဟန(နိုင်)၀၀၁၆၅၃ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့ပြ တည်ဆောက်ရေးလုပ်ငန်းများ၊ ဓာတ်အားလိုင်း/ခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - ၁၂-၅-၂၀၂၅ရက်မှ ၂၆-၅-၂၀၂၅ ရက်ထိ |
| (ခ) | **တင်ဒါတင်သွင်းရမည့်ရက်** | - ၂၇-၅-၂၀၂၅ ရက်၊ (၉:၃၀ - ၁၆:၃၀)အတွင်း |
| (ဂ) | **တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ** | - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့။ |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များရှိပါက ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**
**ထားဝယ်မြို့**
ဖုန်း- ၀၉-၄၃၀၀၇၈၄၀၊ ၀၉-၂၅၁၀၀၁၆၉၀
၀၉-၄၂၅၃၁၇၂၄၂၊ ၀၉-၄၂၉၈၇၁၄၁၈
၀၉-၂၆၂၄၃၂၅၉၊ ၀၉-၇၉၄၁၁၂၇၇၅

## လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းဖြစ်ပါကြောင်း

ကျွန်တော် ဦးသက်ကိုကိုဦး ၉/အမဇ (နိုင်)၀၃၀၈၆၃ ၏ ဖခင်ဖြစ်သူ တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် (၂၅၅၃/၈၄)တွင်ပါရှိသည့် ဦးအောင်မြင့်နှင့် ၎င်းကိုင်ဆောင်သည့် မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ပေါ်ရှိ ဦးအောင်မြင့်(ခ)ဦးအောင်ကိုမြင့်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်း ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်(ခ)ဦးအောင်ကိုမြင့် (၉/မနတ(နိုင်)၀၁၂၀၈၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၀)၊ မဟာနဒီလမ်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အမှတ် ၅ မူလရွာမြေ ဦးကိုကိုဌေး ၉/ပသက(နိုင်)၀၆၇၀၉၀ အမည်ပေါက်ဝယ်ယူထားသော ပေ(၁၈x၃၀) RC နှစ်ထပ်အဆောက်အအုံလုပ်ငန်းလိုင်စင်နှင့်တကွ ရောင်းချခွင့်ရှိသည်ဟု အဆိုပြုထားသူ ဒေါ်သန်းအေး ၉/ပသက(နိုင်)၀၆၇၃၂၄ မှ ရောင်းချမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်သန်းအေး**
ဖုန်း-၀၉-၂၅၀၄၈၉၉၄၃၊ ၀၉-၆၈၈၅၄၈၈၉၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ကွင်းအမှတ်(၁၇)၊ ဦးပိုင်အမှတ် (၄၂)၊ မြေယာအမှတ်(45)၊ မြေရီယာ ဝ ဒသမ ၁၄၅ ဧကရှိမြေကွက်သည် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ်(၁၃၉/၁၉၇၃-၁၉၇၄)အရ ဒေါ်အုံးကြင်ပါ - ၄ ဦးတို့မှအမည်ပေါက်ပါသည်။ အဆိုပါအမည်ပေါက်သူ ဒေါ်အုံးကြင်ပါ-၄ ဦးထံမှအရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် မြေရီယာ ဝ ဒသမ ၁၄၅ ဧက အနက်မှ မြေအကျယ်(၅၅x၃၆)ပေရှိမြေကွက်အား ဦးစွန်ဒါးရ်(ခ)ရာဂျူးမှဝယ်ယူပြီး လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိသူဖြစ်၍ ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါပိုင်ဆိုင်ထားသော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုးအောင်နိုင်(ဘ)ဦးရွှေစိုး ၉/ပဥလ(နိုင်)၀၈၉၄၇၈ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုးအောင်နိုင် (ဘ) ဦးရွှေစိုး** | **ဦးထွန်းထွန်းဦး (LL.B, IP Law (WIPO)** |
| **၉/ပဥလ(နိုင်)၀၈၉၄၇၈** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၇၀)** |
| **ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့** | **အမှတ်(အ-၁၅၈)၊ ငွေတော်ဝင်(၅)လမ်း၊** |
| | **ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း-၀၉-၄၄၈၁၉၅၅၀၀** |

## မြေးနှင့်မိသားစုဝင်အဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ဦးသိန်းဖေ ၁၂/တမန(နိုင်)၀၃၄၀၉၆ ၏ မြေးဖြစ်သူ မောင်သက်ထွန်းလင်း ၁၂/တမန(နိုင်)၀၂၆၅၂၇ သည်မိသားစု၏ ဆုံးမမှုကိုမခံယူဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များ ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ မြေးနှင့်မိသားစုဝင်အဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသိန်းဖေ ၁၂/တမန(နိုင်)၀၃၄၀၉၆**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူခြင်းအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို (၁၃-၅-၂၀၂၅) ရက်မှ စတင်၍ ခရိုင်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာပိတ်ရက်** | - ၂၃-၅-၂၀၂၅ ရက် ညနေ (၄:၀၀)နာရီအထိ |
| **တင်ဒါဖွင့်မည့်ရက်** | - ၂၇-၅-၂၀၂၅ ရက် အင်္ဂါနေ့ ၊ နံနက်(၁၁:၀၀)နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင် |

ဖုန်း-၀၉-၄၃၁၂၆၇၆၊၀၉-၄၄၄၀၃၈၇၁၈
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကတ္တရာတင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/အဖွဲ့များမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် (၆၀/၇၀) နှင့် (၈၀/၁၀၀) အမျိုးအစား ကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန်** | - ၁၃-၅-၂၀၂၅ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** | - ၂၆-၅-၂၀၂၅ ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ |
| **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန်** | - ၂၇-၅-၂၀၂၅ ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - ၂၈-၅-၂၀၂၅ ရက်၊ နံနက် (၉:၃၀)နာရီ |
| **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း၃၀၊ ၇၀ x ၇၁လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၄၄၀၃၄၅၈၄၊ ၀၉-၄၀၃၇၄၀၄၆၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၇၆)၊ ဦးပိုင်အမှတ်(၁၀-ဈ)၊ ၁၄လမ်း၊ ၈၇x၈၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျော်ရဲထွန်း ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၃၆/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးခိုင်ဇော်ဝင့် ၅/ကဘလ(နိုင်)၁၀၇၅၀၃ က အမှုတွဲအမှတ် ၀၀၀၁/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆ ဖြင့် ဘိုးဘအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၀)၊ ဦးပိုင်အမှတ်(၇၉-စ)၊ ၂၈x၂၉ကြား၊ ၇၃x၇၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဟန်စိန်(ခ)သိန်းဝင်း၊ ဒေါ်ဝင်းကြည်တို့၏ (SP ရရှိသူ ဦးကျော်ဇေယျ(ခ)လိပ်ဗဟာဒူး ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၀၁/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သူဇာဝင်း ၁၂/လကန(နိုင်)၁၅၁၄၅၄ က အမှုတွဲအမှတ် ၀၀၁၈/၂၀၂၅-၂၀၂၆ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၁)၊ ဦးပိုင်အမှတ်(၂-ဃ)၊ ၃၅x၃၆ကြား၊ စိန်ပန်းလမ်းမျက်နှာပြုရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဦးလွင် ၏(SPရရှိသူ ဦးမိုးဇော်အောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၅၆၈/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးသက်ခိုင် ၁၄/ဟသတ(နိုင်)၀၄၆၉၄၉၊ ဒေါ်သိန်းသိန်းနိုင် ၉/မရမ(နိုင်)၀၂၃၃၉၀တို့ကအမှုတွဲအမှတ် ၀၀၂၀/၂၀၂၅-၂၀၂၆ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်မေထွေးတင်
## အသက်(၇၅)နှစ်

(ဦးဗတင် – ဒေါ်မြမြ) တို့၏သမီး၊ ဦးရဲထွဋ်တင်၊ (ဒေါ်မေရီတင်)၊ (ဒေါ်မေစမ်းတင်) တို့၏ ညီမ၊ ဦးရဲအောင်တင်၊ ဦးရဲကိုတင် တို့၏အစ်မဖြစ်သူ ဒေါ်မေထွေးတင် အသက်(၇၅)နှစ် သည် ၁၁–၅–၂၀၂၅ရက်(တနင်္ဂနွေနေ့)နံနက် (၁၁:၃၀)နာရီတွင် နေအိမ်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃–၅–၂၀၂၅ရက်(အင်္ဂါနေ့)နံနက် (၉:၀၀)နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

လပွတ္တာမြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်၊ ဆရာစံလမ်းနေ ဦးဝင်းလွင်ထူး ၏သမီး အထက(၂) Grade – 11မှ မအိအိအောင် ၏ အမည်မှန်မှာ မသဒ္ဓါသူ့ထက်ဝင်း ဖြစ်ပါကြောင်းနှင့် Grade – 10 မှ မထက်ရွှေစင် ၏ အမည်မှန်မှာ မရွှေစင်သဒ္ဓါမှူး ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၃)နေ (ဘ) ဦးအောင်ညွှန့်၏သမီး မနှင်းနှင်းလှိုင် ၈/ပခက(နိုင်) ၁၄၉၃၄၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI 423385) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း–၀၉–၂၃၀၂၃၀၆**

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဘုရားကြီးပိုင်း(၃)လမ်းနေ (ဘ) ဦးစိုးနိုင်၏သားဖြစ်သူ မောင်မင်းသူကျော် ၇/သနပ(နိုင်)၁၈၆၇၈၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MH–737076 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၈၁၄၄၈၂၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁–၅–၂၀၂၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၉)ပါ တရားလွှတ်တော်ရှေ့နေ ဦးလူမော်ထိုက် ၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် မြေအကျယ်အဝန်း(အလျား ၂၃ပေ x အနံ ၆ပေ)အစား **မြေအကျယ်အဝန်း (အလျား ၂၃ပေ x အနံ ၆၀ပေ)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## CNG စာအုပ်ပျောက်ဆုံး

ကျွန်တော် ဦးမင်းနိုင် ၁၂/မရက(နိုင်) ၀၉၅၈၈၁ ပိုင်ဆိုင်သော အောက်ပါ မော်တော်ယာဉ်(၅)စီး CNG ဝယ်ယူခွင့် စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

၁။ 5N/9162 ၂။ 5P/7598
၃။ 5P/7599 ၄။ 6P/2794
၅။ 6P–3293

**ဦးမင်းနိုင်**
**၁၂/မရက(နိုင်)၀၉၅၈၈၁**
**ဖုန်း–၀၉–၄၅၀၀၅၀၃၉၀**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးမြို့၊ ဦးအောင်ကျော်ထွန်း ၅/ကဘလ(နိုင်)၂၁၄၉၆၄ ၏ ဖခင် ဦးညွှန့်မောင်နှင့် ဦးမောင်မောင်မှာ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

**ဇီဝမျိုးစုံ**
**မျိုးကွဲတွေ**
**ကွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀) ရပ်ကွက်၊ မင်းခေါင်လမ်း၊ အမှတ်(၁၀၀၇/ခ)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ မြေကွက်မှ (၁၀ပေ x ၆၀ပေ) ဦးစံသိန်း အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေပို(၅– ပေ)ပါ ခေါင်းရင်းခြမ်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်မေမြတ်(LL.B) အထက်တန်းရှေ့နေ(စဉ်–၅၁၈၇၀)**
**ဖုန်း–၀၉–၇၈၅၈၁၂၂၁၁**

## သားသမီးမြေးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ အမှတ်(၇၄၈)နေ ကျွန်တော် ဦးသိန်းအောင်–(ဒေါ်တင်ကြည်) တို့၏သားသမီးများဖြစ်ကြသော ဒေါ်ခင်ဌေး (၁၂/တမန(နိုင်)၀၁၀၇၈၀)၊ (ဦးမြင့်ဦး)(BTHG/၀၀၂၄၇၁)၊ ဒေါ်သိန်းဌေး(BTHG/၀၀၂၄၇၂)၊ ဦးစောလွင် (၁၂/သလန(နိုင်)၀၄၀၅၀၃)၊ ဒေါ်အေးအေးသိန်း (၁၂/သလန(နိုင်)၀၂၈၄၁၀)၊ ဒေါ်စန်းညွန့်ဌေး (၁၂/သလန(နိုင်)၀၃၀၀၂၉)၊ ဒေါ်ခိုင်သီတာအောင် (၁၂/သလန(နိုင်)၀၀၈၆၅၇) တို့သည် ဖခင်ဖြစ်သူ ကျွန်တော်အား ရိုင်းပြစွာပြောဆိုပြုမူခြင်း၊ အရှက်တကွဲဖြစ်အောင်၊ စိတ်ဆင်းရဲအောင်၊ ခွင့်မလွှတ်နိုင်သော အပြောအဆို အပြုမူများကို မိသားစုလိုက် အကြိမ်ကြိမ်အမျိုးမျိုးပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့် ၎င်းတို့ (၇)ဦးနှင့် ၎င်းတို့၏ သားသမီးများကို ယနေ့မှစ၍ သားသမီးမြေးများအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ကျွန်တော် ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင် ပစ္စည်းများအားလုံးကို ၎င်းတို့အား မိဘအမွေခံအဖြစ် ပေးအပ်ရန် ဆန္ဒမရှိကြောင်း ၎င်းတို့နှင့် မပတ်သက်ကြောင်း မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းအောင် (၁၂/သလန(နိုင်)၀၃၀၀၃၃)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉)၊ မြေကွက်အမှတ်–၆၇၅(ခ)၊ (အလျား၂၁ပေ x အနံ၆၀ပေ)၊ ဧရိယာ (၀.၀၂၉)ဧကအကျယ်ရှိ ဒေါ်ကြည်ကြည်ဝင်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်–၆၇၅(ခ)၊ ပိတောက်ရွှေဝါလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား မြေအမည်ပေါက်ဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း ၁၂/ပဘတ(နိုင်)၀၀၉၈၈၈ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားကြောင်း မိမိလက်ရှိထား ပိုင်ဆိုင်လျက်ရှိကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်းနှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အမှုရင်ဆိုင်ဖြေရှင်းနေရခြင်း၊ အစိုးရဌာနတစ်ခုခုမှ တားမြစ်ပိတ်ပင်ခံထားရခြင်း၊ အမွေစား အမွေခံစသည့် အရှုပ်အရှင်းမရှိ မိမိတစ်ဦးတည်းသာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ဝါဝါလွင် ၅/စကန(နိုင်)၀၂၉၆၅၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းပွင့်ဖြူ ၁၂/ဗဟန(နိုင်)၀၉၉၆၂၂မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဒေါ်မြတ်သီတာအောင် LL.B ၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၅၁)**
**အမှတ်(၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၀၂၁၇၇၂၊ ၀၉–၇၉၉၂၅၈၂၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၁၁၂)၊ မြေပေအကျယ်ပေ(၄၀x၆၀)၊ စတုရန်းပေ (၂၄၀၀)ရှိ ဦးသိန်းဆွေ အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမိုးမြင့်၁၄/ဝခမ(နိုင်)၂၂၁၂၃၅ က ယင်းမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီစိုး၁၂/ဥကတ(နိုင်)၁၄၈၆၅၅က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄ ၊ ၀၉–၇၉၆၆၀၀၂၁၇**

## ဒေါ်ချယ်ရီစိုး
### လက်ထောက်မန်နေဂျာ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်(ငြိမ်း)
### အသက် (၅၉) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်အေးလမ်းသွယ်(၁)၊ တိုက် (၃၃၆)၊ အခန်း (၁၄) နေ၊ (ဦးစိုးသိမ်း) (ဗဟိုဘဏ်–ငြိမ်း) – (ဒေါ်မေသန်း) (ဗဟိုဘဏ်–ငြိမ်း) တို့၏ ချစ်လှစွာသော သမီးငယ်၊ (ဦးဇင်မောင်–ဒေါ်ခင်အေးမြင့်) တို့၏ သမီးချွေးမ၊ ဒေါ်ခင်မေစိုး၊ ဒေါ်ကေသီစိုး(ဗဟိုဘဏ်–ငြိမ်း)၊ (ဦးစိုးမင်း) – ဒေါ်ဇင်မာဝင်း တို့၏ ညီမငယ်၊ မောင်မြင့်သိန်းကျော်၊ မခင်ချမ်းမြေ့သူ တို့၏ အဒေါ်ဖြစ်သူ၊ ဦးကျော်ခင်ဇော်(ဦးစီးအရာရှိ၊ ဗဟိုဘဏ်) ၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်ချယ်ရီစိုး အသက်(၅၉)နှစ်၊ လက်ထောက်မန်နေဂျာ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(ငြိမ်း) သည် (၁၀–၅–၂၀၂၅) ရက် (စနေနေ့) မွန်းလွဲ (၁:၃၀) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို (၁၂–၅–၂၀၂၅) ရက် (တနင်္လာနေ့) မွန်းတည့် (၁၂:၀၀) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုလ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် (၁၀:၀၀) နာရီတွင် ထွက်ပါမည်။)

(ကွယ်လွန်သူအား ရည်စူး၍ (၁၆–၅–၂၀၂၅) ရက်(သောကြာနေ့) နံနက် (၇:၀၀) နာရီမှ (၁၁:၀၀) နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### စစ်ကိုင်းခရိုင်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ်၊ တရားမကြီးအမှုမှတ်–၁

မြန်မာနိုင်ငံသားများ ဘဏ်လီမိတက် (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ လက်ထောက်အထွေထွေမန်နေဂျာ– ဒေါ်မေသူအောင်) နှင့် ၁။ ဦးကျော်မင်းဦး(ဘ)ဦးတင်ဦး ၂။ ဒေါ်ဇင်မာလှိုင်(ဘ)ဦးခင်မောင်သန်း

**တရားလို** **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ အမှတ်–၃/၁၉၂၊ သဇင်လမ်း၊ မင်းရဲကျော်စွာရပ်နေ၊ (၁)တရားပြိုင် ဦးကျော်မင်းဦး(ဘ)ဦးတင်ဦး (၂)တရားပြိုင် ဒေါ်ဇင်မာလှိုင်(ဘ)ဦးခင်မောင်သန်း (ယခုနေရပ်လိပ်စာမသိရှိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမြန်မာနိုင်ငံသားများဘဏ် (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ လက်ထောက်အထွေထွေမန်နေဂျာ– ဒေါ်မေသူအောင်)က ဘဏ်ချေးငွေအရင်းအတိုးပေါင်း (၇၂၀၀,၁၀၁၆ကျပ် ၈၅ပြား)တိတိကို အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ရက် )မွန်းမတည့်မီ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် တရားရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း၊ အထောက်အထားများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၇ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေမီဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**စစ်ကိုင်းခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/2198 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၂)၊ အကွက်အမည် (ဝက်လည်ရွဲရပ်)၊ ဦးပိုင်အမှတ် (၃၁ဈ)၊ ဧရိယာ (၀ ဒသမ ၀၅၉) ဧကကို ဘိုးဘပိုင် အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၇) ရပ်ကွက်နေ ဦးစိုးဝင်း၊ ဒေါ်ခင်သန်းဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းအင်းဦးစီးဌာန၊ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြသိန်းတန်ဘုရားလမ်း၊ ကွင်းအမည်–ဇ၈၈ᵏᵃ⁻²၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ်– ၈၉/၁၈၈၊ ဦးသက်ဝင်းအောင်အမည်ပေါက်၊ ဧရိယာ ၀ ဒသမ ၀၅ဧကရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မင်းထွန်း ၇/ကဝန(နိုင်)၁၁၄၀၁၂ထံမှ ဦးကျော်ကာ ၅/ကလန(နိုင်)၀၈၀၅၄၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြိုးမမ (စဉ်–၁၃၆၂၈)**
**တရားလွှတ်တော်ရှေ့နေ**
**၈၂/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊**
**လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၂၆၇၁၈၈၅၆၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၉

ဦးအောင်ကိုလင်း နှင့် ဒေါ်အေးအေးကြည် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတင်မြင့်ဦး)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (တတ–၉)(စ)ရပ်ကွက်နေ ဒေါ်အေးအေးကြည်(ဘ)ဦးစိန်ရီ(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတင်မြင့်ဦး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်အေးအေးကြည် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတင်မြင့်ဦး) သင့်အပေါ်၌ တရားလို ဦးအောင်ကိုလင်းက ပြည်ကြီးတံခွန်မြို့နယ်၊(ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ–၄)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက ရှိ ဒေါ်အေးအေးကြည် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်၊ (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၇၀

ဦးအာကာထူး နှင့် ကိုစောနေစေး

**တရားလို** **တရားပြိုင်**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါ်ဥခူရပ်ကွက်(ကယန်း)နေ ဦးနဲလခင်၏ သားဖြစ်သူ ကိုစောနေစေး (၂/လကန(နိုင်)၀၉၉၆၆၅) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးအာကာထူးက တရားလိုပိုင် ငွေကျပ်သိန်း (၅၀၀)(ကျပ်သိန်းငါးရာ)တိတိ ပြန်လည်ထုတ်ယူလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မဂျီဂျာဆိုင်းပန် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၃၅)၊ ဦးပိုင်အမှတ် (၁၀)/ ၄၂x၄၃လမ်းကြား၊ ၅၄x၅၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြည့်ဖြိုးအောင် ၉/အမဇ (နိုင်)၀၂၀၇၇၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၃၅)၊ ဦးပိုင်အမှတ် (၂)/၄၂လမ်း၊ ၅၄x၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြည့်ဖြိုးအောင် ၉/အမဇ(နိုင်)၀၂၀၇၇၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ်...**

❖ **မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန် လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော်  မေ  ၁၁**

၁၃၈၇ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက

*စာမျက်နှာ ၄ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ယနေ့ သတင်းအညွှန်း

**အမေရိကန်၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူ**

နိုင်ငံတကာသတင်း စာ ၁၄

**ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

ပြည်တွင်းသတင်း စာ ၁၉



**ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်**

ပြည်တွင်းသတင်း စာ ၂၆